
# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါ တီ စည်း ရုံး ရေး စာ စဉ်

ဇူလိုင်၊ ၂၀၂၄

7 July



# လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)

**DEMOCRATIC PARTY FOR A NEW SOCIETY(DPNS)**

## (၆၂)နှစ်မြောက် ၇–ဇူလိုင် အရေးတော်ပုံအထိမ်းအမှတ် အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ယနေ့(၇၊ ၇၊ ၂၀၂၄) နေ့သည် ၁၉၆၂၊ ၇–ဇူလိုင် လူသတ်ပွဲ (၆၂) နှစ်ပြည့်သည့်နေ့ဖြစ်သည်။ (၇၊ ၇၊ ၆၂) ရန်ကုန်တက္ကသိုလ်–သွေးမြေကျ လူသတ်ပွဲသည် ဘက်တဖက်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားထု၏ ရဲရင့်ဂုဏ်ပြောင်သော သမိုင်းမော်ကွန်းဖြစ်သည်။ အခြားတဖက်တွင် တော်လှန်ရေးကောင်စီအမည်ခံ အာဏာသိမ်းစစ်အုပ်စု၏ ကြမ်းကြုတ်ရက်စက်သော ဘီလူးဇာတိရုပ်ကို ကမ္ဘာသိ မျက်နှာဖုံး ချွတ်ခွာပြလိုက်ခြင်း ဖြစ်သည်။

၂။ ယနေ့ထက်တိုင် ၇–ဇူလိုင် အရေးတော်ပုံအတွင်း ကျောင်းသူ ကျောင်းသား မည်မျှ သေကြေခဲ့ကြ ထိခိုက်ဒဏ်ရာရခဲ့ ကြခြင်းအား စာရင်းတိကျစွာ မဖော်ထုတ်ပေးနိုင်ခြင်း၊ ၎င်းဖြစ်စဉ်အတွက် တာဝန်ရှိသူတို့အား တိကျစွာ ဖော်ထုတ်အရေးယူနိုင်မှု မရှိခြင်း၊ အာဏာရှိအစိုးရတရပ်၏ တရားမဲ့ အမှားကျူးလွန်မှုဖြစ်ကြောင်း မည်သည့်အစိုးရ အဆက်ဆက်ကမှ အတိအလင်း ထုတ်ဖော်ဝန်ခံမှု မပြုကြခြင်းတို့သည် ဗမာပြည် အာဏာရအစိုးရအဆက်ဆက်၏ တာဝန်ယူမှု တာဝန်ခံမှု ကင်းမဲ့ပုံကို သက်သေခံနေသည်။ ဗမာပြည်အစိုးရအဆက်ဆက်သည် မည်သည့်အသွင်ကို ဆောင်ထားသည်ဖြစ်စေ နောက်ကွယ်တွင် စစ်အုပ်စု၏ ဩဇာလွှမ်းမိုးမှုအား မလွန်ဆန်နိုင်ခြင်းကို ဖော်ပြနေသည်။ တနည်းဆိုရလျှင် မိမိတို့တိုင်းပြည်ကို စစ်အာဏာရှင်စနစ်က တောက်လျှောက် ချုပ်ကိုင်ခြယ်လှယ်နေသည့် အဓိပ္ပာယ်ဖြစ်သည်။

၃။ မျက်မှောက်ကာလတွင် လူမျိုးပေါင်းစုံ ဗမာပြည်သူတရပ်လုံးက ၎င်းစစ်အာဏာရှင်စနစ်အား ပြုတ်သားရဲရင့်စွာ ဆန့်ကျင်တိုက်ခိုက်လျက် အမြစ်ဖြတ်သုတ်သင်ရန် နွေဦးတော်လှန်ရေး ပြည်သူ့ခုခံစစ်ကို ဆင်နွှဲလျက်ရှိပေသည်။ နွေဦးတော်လှန်ရေး ရည်မှန်းချက်များမှ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်သုတ်သင်ရေးသည် ၇ – ဇူလိုင် အရေးတော်ပုံအတွက် တရားမျှတမှုကို ပြန်လည်ရယူရန် အားထုတ်ခြင်းဖြစ်သည်ဟု မိမိတို့ပါတီက လေးလေးနက်နက် ခံယူပါသည်။

၄။ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် နွေဦးတော်လှန်ရေး၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်သည်အထိ ကျောင်းသားထုနှင့်အတူ၊ မိတ်ဆွေ တိုက်ပွဲဖော်များနှင့်အတူ လူမျိုးစုံပြည်သူလူထုကြီးနှင့်အတူ ကျရာတာဝန်ထမ်းလျက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကတိဓိဋ္ဌာန်ပြုရင်း သဝဏ်လွှာပေးပို့ ဂုဏ်ပြုအပ်ပါသည်။

**ဗဟိုဦးဆောင်ကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၇ ရက်။

**ရည်ညွှန်း**
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံနိုင်ငံရေးရပ်တည်မှု (ဂ)



# နှလုံးသားထဲမှာ စိုက်ထူထားကြရမယ့် ခံယူချက် (၅) ရပ်

**လွှမ်းနွေငြိမ်း**

အောင်ပွဲနီးလေ အခက်အခဲကြီးလေ ဆိုတဲ့စကားက အင်မတန် မှန်ကန်ပါတယ်။

အခက်အခဲတွေဟာ သဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနိုင်ပါတယ်။ လက်တွေ့လည်း ရင်ဆိုင်နေရတာ ရှိသလို ထပ်ပြီးလည်း ပေါ်ပေါက်လာနိုင်တာမျိုး ဖြစ်ပါတယ်။ အခက်အခဲဟာ အဓိကအားဖြင့်တော့ ရန်သူ့ဆီက လာမှာ ဖြစ်ပါတယ်။ တခါတခါ မိတ်ဖက်စည်းထဲကနေ လာတတ်တာမျိုးလည်း ရှိပါတယ်။ ဘယ်လို အခက်အခဲမျိုးပဲကြုံကြုံ ကျနော်တို့အနေနဲ့ ပြည်သူလူထုရဲ့ ရည်မှန်းချက်တွေကို နည်းနည်းလေးမှ အပွန်းအပဲ့ခံလို့မဖြစ်ဘူး။ တိုက်ပွဲလမ်းကြောင်းကို နည်းနည်းလေးမှ အတိမ်းအစောင်းခံလို့မဖြစ်ဘူး။ အောင်ပွဲ အရယူရေး ပိုင်းဖြတ်ချက်အပေါ် နည်းနည်းလေးမှ အထိအခိုက်ခံလို့မဖြစ်ဘူး။ ဒါဟာ တကယ့် သေရေး ရှင်ရေး ကိစ္စ ဖြစ်ပါတယ်။

ဒီအတွက် တိုက်ပွဲဝင်အင်အားစုအသီးသီးရဲ့ ရင်ထဲမှာ၊ နှလုံးသားထဲမှာ ခိုင်မာတဲ့သန္နိဋ္ဌာန် သို့မဟုတ် လေးနက်တဲ့ ခံယူချက် ၅ ရပ်ကို စွဲစွဲမြဲမြဲ စိုက်ထူထားကြဖို့ လိုအပ်တယ်လို့ ကျနော့်အနေနဲ့ အကြံပြု ချင်ပါတယ်။

အဲဒီ ၅ ရပ်က ဘာတွေဖြစ်မလဲ။

(၁) လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံ ပြည်သူတရပ်လုံးရဲ့ ဘုံရန်သူဟာ စစ် ၃ စစ် ဖြစ်တယ်။

(၂) လက်နက်ကိုင်တိုက်ပွဲကို ဗဟိုပြု တိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့ ပေါင်းစပ် တိုက်ပွဲဝင်ကြရမယ်။

(၃) ၂၀၀၈ ခြေဥအောက်ကို ဘယ်လိုနည်းနဲ့မှ ပြန်အရောက်မခံဘူး။

(၄) တပါတီတည်း တဖွဲ့တည်းအားနဲ့ မရ၊ စုပေါင်းခေါင်းဆောင်မှုရှိတဲ့ တပ်ပေါင်းစုနဲ့သာ အောင်ပွဲခံနိုင်တယ်။
(၅) အန္တိမရည်မှန်းချက်ဟာ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး အခိုင်အမာတည်ဆောက်ရေး ဖြစ်တယ်။

ဆိုတဲ့ ခံယူချက်တွေ ဖြစ်ပါတယ်။

## (၁) လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံ ပြည်သူတရပ်လုံးရဲ့ ဘုံရန်သူဟာ စစ် ၃ စစ် ဖြစ်တယ်။

ကနေ့ပြဿနာဟာ လူမျိုးတမျိုးနဲ့ တမျိုးကြားမှာ၊ အဖွဲ့အစည်းတခုနဲ့ တခုကြားမှာ ဖြစ်နေတဲ့ ပြဿနာ မဟုတ်ဘူး။ လူမျိုးပေါင်းစုံပြည်သူလူထုကြီးနဲ့ စစ်အာဏာရှင်စနစ်ကြားမှာ ဖြစ်နေတဲ့ သူသေကိုယ်ရှင် ပြဿနာဖြစ်တယ်။ လူထုလူတန်းစားအလွှာအသီးသီးကတဖက် စစ်အုပ်စုနဲ့ သူ့လက်ဝေခံလူတစုကတဖက် ဖြစ်နေကြတဲ့ ပြဿနာဖြစ်ပါတယ်။ ရှင်းလင်းသွားအောင် နည်းနည်းလေး ထပ်ဖြည့်ပြောရရင် ၂၀၂၀ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ပေးရုံမျှနဲ့ ပြီးသွားမယ့်ပြဿနာ မဟုတ်ဘူး။ ပြည်နယ်သစ် တခု၊ နှစ်ခု တိုးပေးလိုက်ရုံနဲ့ အေးသွားမယ့်ပြဿနာ မဟုတ်ဘူး။ လုပ်ပိုင်ခွင့်အာဏာလေး အထိုက်အလျောက် တိုးပေးလိုက်ရုံမျှနဲ့ ပြေလည်သွားမယ့်ပြဿနာ မဟုတ်ဘူး။

ကျနော်တို့ခေါင်းကို နှစ်ပေါင်းများစွာ ပြောရရင် လွတ်လပ်ရေးနဲ့အမျှ နင်းချင်တိုင်း တက်နင်းထားတဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား တစုံလုံးကို တစမကျန် ဖျက်သိမ်း ဖယ်ရှင်းပစ်လိုက်နိုင်မှ အရာခပ်သိမ်းက အေးငြိမ်းသွားမယ့် ပြဿနာ ဖြစ်ပါတယ်။

ကျနော်တို့အားလုံးရဲ့ဘုံရန်သူဟာ စစ် ၃ စစ် ဖြစ်ပါတယ်။ ကျနော်တို့ချင်း မတော်တဆ ပွတ်မိတိုက်မိတာလေးတွေ ရှိကောင်းရှိနိုင်တယ် ဆိုပေမယ့် အဲဒီကိစ္စရပ်လေးတွေက လက်အောက်ခံ ကိစ္စတွေသာ ဖြစ်တယ်။ ညီအကိုချင်း မောင်နှမချင်း စကားကတောက်ကဆ ဖြစ်ကြတဲ့ သဘောပဲ။ ရန်သူ အားရစေတဲ့ အထိ ဘယ်လိုနည်းနဲ့မှ အရောက်မခံဘဲ ကိုယ့်အချင်းချင်း ညှိကြနိုင်းကြ ကျေလည်အောင် ဖြေရှင်းကြရမယ့် ပြဿနာအသေးလေးတွေသာ ဖြစ်ပါတယ်။ ဖြေရှင်းလို့မရတဲ့ အနေအထား လုံးဝ(လုံးဝ) မဟုတ်ဘူးဆိုတာ ကျနော်တို့အားလုံး စိတ်ချလက်ချယုံကြည်ထားကြဖို့လိုတယ်။ ကျနော်တို့အားလုံးမှာ ရန်သူက တခုပဲရှိတယ်။ အဲဒါဟာ စစ် ၃ စစ်ပဲ ဖြစ်ပါတယ်။

## (၂) လက်နက်ကိုင်တိုက်ပွဲကို ဗဟိုပြု တိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့ ပေါင်းစပ်တိုက်ပွဲဝင်ကြရမယ်။

ဒီနည်းပရိယာယ်က အသစ်မဟုတ်ပါဘူး။

ယန္တရားအားကောင်းတဲ့၊ တစုံတရာ အင်အားကြီးတဲ့ ရန်သူကို အနိုင်ယူဖို့ဆိုရင် ဒီတိုက်ပွဲနည်းနာကို ကျကျနန သုံးကြရမှာဖြစ်ပါတယ်။ ဗိုလ်နေဝင်း သေနတ်အားကိုးနဲ့ လူထုကို ဖိနှိပ်လာတဲ့ ကာလကတည်းက တော်လှန်ရေးအင်အားစုတွေ နှစ်ပေါင်းများစွာ ကိုင်စွဲကျင့်သုံးခဲ့ကြတဲ့ တိုက်ပွဲနည်းနာဖြစ်ပါတယ်။

အခြေခံအားဖြင့် စစ်ရေးတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲ(လူထုတိုက်ပွဲအပါအဝင်) နဲ့ သံတမန်ရေးတိုက်ပွဲ ဖြစ်ပါတယ်။ ရန်သူက လက်နက်ကိုင်ပြီး ရမ်းချင်တိုင်းရမ်းနေတာမို့ လက်နက်ကိုင်ပြီး ပြန်မတိုက်ရင် အဆုံးသတ်ဖို့ခက်ပါတယ်။ ထိုးစစ်ကို ထိုးစစ်နဲ့ပဲ ရိုက်ချိုးကြရတယ် ဆိုတဲ့စကားအတိုင်း ရန်သူဦးကျိုးသွားဖို့အတွက် စစ်ကို ဖိဖိစီးစီး အလေးထားတိုက်ကြရမှာ ဖြစ်ပါတယ်။ တပြိုင်နက်တည်းမှာ ကျန်တဲ့

တိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့လည်း ပေါင်းစပ်ပြီး ဟန်ချက်ညီ တိုက်ကြရမှာဖြစ်ပါတယ်။ ဘယ်ဟာက အရေးပါတယ်၊ ဘယ်ဟာက အရေးမပါဘူးဆိုတာ မရှိပါဘူး။ စူးနေရာစူး ဆောက်နေရာဆောက် အားလုံးက အရေးပါပါတယ်။ သူရဲမရဲစီးနေတဲ့ စစ်အာဏာရှူးတွေကို အမြစ်ကလှန်ပစ်ဖို့ဆိုရင်တော့ စစ်ရေးကို ဗဟိုပြုပြီး ကျန်တဲ့တိုက်ပွဲသဏ္ဍာန်တွေနဲ့ ပေါင်းစပ်တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။ ဒါဟာလည်း လက်တွေ့ပေါင်းများစွာက ကျနော်တို့ကို သင်ကြားခဲ့ပြီးဖြစ်ပါတယ်။

## (၃) ၂၀၀၈ ခြေဥအောက်ကို ဘယ်လိုနည်းနဲ့မှ ပြန်အရောက်မခံဘူး။

၁၀၂၇ စစ်ရေးစီမံချက်နဲ့အတူ ကျနော်တို့ ခရီးအတော်ရောက်ခဲ့ကြတယ်။ တရုတ်ကြီး ဝင်ပြီး စေ့စပ်ပေးလို့ ဟိုင်ဂင်သဘောတူညီချက်အရ ခဏရပ်ပေးခဲ့တယ်။ ကိုယ့်ဘက်က ရပ်ပေးခဲ့ပေမယ့် စစ်အုပ်စုဖက်က မရပ်ဘူး။ လူထုကို ပစ်မှတ်ထားပြီး သဘောတူညီချက်ကို ဖောက်ဖျက်ချင်တိုင်း ဖောက်ဖျက်ခဲ့တယ်။ ဒါကြောင့်လည်း လူထုကို အကာအကွယ်ပေးရေးအတွက် ရှမ်းမြောက်စစ်ဆင်ရေး ဒုတိယအကျော့ကို ဇွန် ၂၅ မှာ ပြန်စလိုက်ရတယ်။ ရှမ်းမြောက်စစ်ဆင်ရေးကနေ ရှမ်းမန်းစစ်ဆင်ရေးအထိ တိုးချဲ့လိုက်တယ်။ ဒေသခံ PDF များနဲ့ မဟာမိတ် ၃ ဖွဲ့က လက်တွဲညီညီ ထိုးစစ်တွေ ဆက်ထိုးတယ်။ လူထုထောက်ခံမှုလည်း ရရှိ၊ ရည်မှန်းချက်တွေကလည်း မှန်ကန်၊ တိုက်စွမ်းရည်တွေကလည်း ကောင်းကြတော့ ရန်သူ့စခန်းတွေ တခုပြီးတခု သိမ်းနိုင်၊ မြို့တွေတမြို့ပြီးတမြို့ သိမ်းနိုင်တဲ့ အနေအထား ရောက်လာခဲ့တယ်။ ကနေ့ဆိုရင် ဒေသအသီးသီးမှာ တော်လှန်ရေးအင်အားစုတွေက မြို့ပေါင်း ၆၃ မြို့ကို ထိန်းသိမ်းထားနိုင်ပြီ ဖြစ်တယ်။

စစ်အုပ်စု ပျာယာခတ်နေပြီ။ တပ်ရင်းလိုက် လက်နက်ချမှုတွေ ဖြစ်လာနေပြီ။

လူထုနေအိမ်တွေ၊ ကျောင်းတွေ၊ ဆေးရုံတွေကို ဗုံးကျဲတာ၊ လက်နက်ကြီးနဲ့ထုတာလောက်နဲ့ ပြီးပါ့မလား။ မပြီးနိုင်ဘူးဆိုတာ စစ်အုပ်စုက ကောင်းကောင်းသိပါတယ်။ ဒါဆို စစ်အုပ်စု ဘာအကွက် ရွှေ့မလဲ။ ၂၀၂၅ ရွေးကောက်ပွဲနည်းနဲ့ အကွက်ရွှေ့မလား၊ တွေ့ဆုံဆွေးနွေးပွဲအတုနဲ့ အကွက်ရွှေ့မလား။ ၂၀၀၈ ခြေဥအောက် ပြန်သွင်းရေးအတွက် ရွှေ့လို့ရတဲ့အကွက်တွေ သူရွှေ့မှာပါ။ သူတယောက်တည်း ရွှေ့မရရင် ဆရာငှားပြီး၊ ပွဲစားခေါ်ပြီးရွှေ့မှာဖြစ်ပါတယ်။ အဲလိုရွှေ့လာတဲ့အခါ ကျနော်တို့ဘက်က မျက်စိလည်သွားတာ၊ ဝေဝါးသွားတာ လုံးဝအဖြစ်မခံဘဲ ကိုယ့်ရဲ့မူလရပ်တည်ချက်တွေအပေါ် စွဲမြဲကြဖို့ အထူးအရေးကြီးလှတယ်လို့ အကြံပြုချင်ပါတယ်။

## (၄) တပါတီတည်း တဖွဲ့တည်းအားနဲ့ မရ၊ စုပေါင်းခေါင်းဆောင်မှုရှိတဲ့ တပ်ပေါင်းစုနဲ့သာ အောင်ပွဲခံနိုင်တယ်။

ဒါက အားလုံး လေးနက်ကြပြီးဖြစ်ပါတယ်။ တနိုင်ငံလုံးကြုံနေရတဲ့ ဒုက္ခကို တနိုင်ငံလုံး ဝိုင်းရှင်းကြရမှာ သဘာဝဖြစ်ပါတယ်။ ဘယ်သူက ဒီဂျူရီ၊ ဘယ်သူက ဒီဖက်တို အဲဒါ ဘာအရေးကြီးတော့လို့လဲ။ ဘုံရန်သူကို ရှင်းရှင်းလင်းလင်း တွေ့နေကြရပြီပဲ။ မိမိကို မဆန့်ကျင်ဘူး၊ ဘုံရန်သူကို တိုက်ခိုက်တယ်၊ ရည်မှန်းချက်တွေ တူညီတယ်ဆိုရင် ဘယ်သူနဲ့မဆို လက်တွဲကြရမှာပဲမဟုတ်လား။ တချက်တူ တချက်ပေါင်း၊ ၂ ချက်တူ ၂ ချက်ပေါင်း၊ ၁၀ ချက်တူ ၁၀ ချက်ပေါင်း၊ အကုန်လုံးတူ အကုန်လုံးပေါင်းကြရမှာပဲ

မဟုတ်လား။ တဦးဆောင်သော်မရ တသောင်းဆောင်သော်ရ၏ ဆိုတဲ့စကားက အလကားဖြစ်လာတာမှ မဟုတ်တာ။ အခုပဲ ရှမ်းမန်း လက်တွဲစစ်ဆင်ရေးတွေ စနေပြီ။ အာရက္ခ–ရောဝတီ စစ်ဆင်ရေးတွေ၊ အာရက္ခ–မကွေး စစ်ဆင်ရေးတွေ၊ ကချင်–စစ်ကိုင်း စစ်ဆင်ရေးတွေ၊ ကရင်–ပဲခူး စစ်ဆင်ရေးတွေ၊ မွန်–တနင်္သာရီ စစ်ဆင်ရေးတွေ၊ ကရင်နီ–ရှမ်းတောင် စစ်ဆင်ရေးတွေ ထပ်ပြီး ဖြစ်မလာဘူးလို့ ဘယ်သူ ပြောနိုင်လဲ။ အချိန်မရွေး ဖြစ်လာနိုင်တာပဲ။ ဘုံအကျိုးစီးပွားအတွက် ဘုံရန်သူကို ပြတ်ပြတ်သားသား တိုက်ထုတ်ရှင်းလင်းနိုင်ဖို့ဆိုရင် တပ်ပေါင်းစုနဲ့ အောင်ပွဲခံရေးဆိုတဲ့ အခြေခံလမ်းညွှန်ကို စွဲမြဲနေကြရမယ်ပဲ မဟုတ်လား။

## (၅) အန္တိမရည်မှန်းချက်ဟာ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး အခိုင်အမာတည်ဆောက်ရေး ဖြစ်တယ်။

ဒါဟာ ကျနော်တို့ရဲ့ပန်းတိုင်၊ ကျနော်တို့အားလုံးရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ ကျနော်တို့ ဒီအိပ်မက်ကို မက်ခဲ့ကြရတာ လွတ်လပ်ရေးနဲ့ထပ်တူပဲ။ နှစ် ၇၀ ကျော်ခဲ့ပြီ။ ခေတ်အဆက်ဆက် အာဏာရအုပ်စိုးသူတွေဟာ အစစ်ပေးမှာလိုလိုနဲ့ အတုတွေကိုသာ သဏ္ဌာန်အမျိုးမျိုးနဲ့ ပေးခဲ့ကြတယ်။ ဆာလွန်းလို့ ငိုနေရှာတဲ့ ခလေးကို မုန့်ပုံဆွဲပြ ဆိုတဲ့ တရုတ်စကားပုံမျိုးသာ ဆက်တိုက်လုပ်ခဲ့ကြတာပါ။ အခု လူမျိုးစုံပြည်သူတွေကို နေ့စဉ်ဖုံးကျဲနေတဲ့ မအလတောင် ဖက်ဒရယ်ဆိုတဲ့စကား ပါးစပ်ကမချဘူး မဟုတ်လား။ ရေပန်းစားတဲ့ စကားလုံးကို ကောက်ကိုင်ပြီး ကိုယ့်အတွက်များများကျန်အောင် ဘယ်လိုအတုလေး လုပ်ပေးရရင် ကောင်းမလဲဆိုတဲ့ ဉာဏ်နီဉာဏ်နက်သမားတွေဆီမှာ အစစ်ကိုမျှော်လင့်လို့မရနိုင်ပါဘူး။ အစစ်ကို လိုချင်ရင် အစစ်လိုချင်တဲ့သူတွေချင်း လက်တွဲပြီး အတုပေးမယ့်လူယုတ်မာကို မောင်းထုတ်လိုက်နိုင်မှ ရရှိမှာ ဖြစ်ပါတယ်။ အစစ်ဆိုတာဟာ သူယုတ်ဆီမှာ လက်ဖြန့်တောင်းယူလို့ ရနိုင်တဲ့အရာမဟုတ်ပါဘူး။ ကိုယ်တိုင်တိုက်ယူမှ၊ ကိုယ်တိုင်တည်ဆောက်ယူမှ ရနိုင်တဲ့အရာဖြစ်ပါတယ်။

ရဲဘော်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ ခင်ဗျား

ကျနော်တို့အတွက် စက္ကန့်တိုင်းမှာ စိန်ခေါ်မှုအသစ်တွေ ရောက်လာနိုင်ပါတယ်။

စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့၊ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့နဲ့ အောင်ပွဲကို အရယူနိုင်ဖို့ဆိုရင် ဖော်ပြပါခံယူချက် ၅ ရပ်ကို စွဲမြဲစွာဆုပ်ကိုင်ထားကြရမှာ ဖြစ်တယ်လို့ လေးစားချစ်ကြည်စွာ အကြံပြုတိုက်တွန်း တောင်းဆိုအပ်ပါတယ်ခင်ဗျား။

''နည်းသဏ္ဌာန်အမျိုးမျိုးနဲ့ တိုက်ပွဲဝင်နေကြတဲ့ အင်အားစုအသီးသီးကို လေးစားဦးညွှတ်လျက်''

**လွှမ်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်။

# ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေးအင်အားစုများက အထွေထွေအကြပ်အတည်းဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုပ်ရှားမှုပြုလုပ်

ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူတော်လှန်ရေးအင်အားစုများက ဇူလိုင်လ ၇ ရက်နေ့က ''အထွေထွေအကြပ်အတည်းဖြေရှင်းဖို့ ရဟန်းရှင်လူ ပုန်ကန်စို့' စာတမ်းပါ ဘန်နာအား ချိတ်ဆွဲပြီး အထွေထွေအကြပ်အတည်း ဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ပြုလုပ်ခဲ့ပါတယ်။




ဇူလိုင်လ ၇ ရက်နေ့မှာ ဆဲဗင်းဂျူလိုင် ၆၂ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် အွန်လိုင်းဓာတ်ပုံကမ်ပိန်းပြုလုပ်ပြီး ပြည်သူလူထုတရပ်လုံး ကြုံတွေ့နေရသည့် အထွေထွေအကြပ်အတည်းဖြေရှင်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ပြုလုပ်ခဲ့ပါတယ်။



# နိုင်ငံတကာဆက်ဆံရေးအခြေအနေ

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)ဥက္ကဋ္ဌ ဦးအောင်မိုးဇော်

## နှင့်

## Burma News Network(BNN)တွေ့ဆုံမေးမြန်းခန်း အပိုင်း(၂)

**မေး** – တရုတ်ရဲ့လှုပ်ရှားမှုထက် အမေရိကန်ရဲ့လှုပ်ရှားမှုက ဗမာပြည်မှာ တော်တော်နည်းတယ်လို့ ပြောလို့ရမလား။

**ဖြေ** – တခုရှိတာက အမေရိကန်ပြည်ထောင်စုအနေနဲ့ ကျနော်တို့ကို တတ်နိုင်သမျှတော့ အစွမ်းကုန် ကူပါတယ်။ သို့သော်လည်းပဲ သူ့အနေအထားကိုယ်၌က ယူကရိန်းကိစ္စအကြောင်းပြုပြီးတော့ ရုရှားနဲ့ သူနဲ့ တိုက်ရိုက်ဖြစ်နေတယ်လို့တောင် ပြောလို့ရတယ်။ ဒါ တခုရှိတယ်။ နောက်တခုက အရှေ့အလယ်ပိုင်း ကိစ္စ ရှိတယ်။ ပါလက်စတိုင်းကိစ္စတွေ ရှိတယ်။ အစ္စရေးကိစ္စ ရှိတယ်။ ဒီလိုကိစ္စတွေက တကယ်ဆို သူ့အတွက် ပိုအရေးကြီးတယ်။ သူ့အတွက် ပိုပြီးတော့ အရေးကြီးတဲ့ ကိစ္စတွေကို သူ အာရုံစိုက်တာကတော့ မပြောသာပါဘူး။ ကျနော်တို့တွေက အလိုလိုနေရင်း ကျန်ခဲ့တဲ့ အနေအထားမှာတော့ ရှိတယ်။ သို့သော် လည်းပဲ ဒီမိုကရေစီရေးအမြင်က ကြည့်မယ်၊ လူ့အခွင့်အရေးအမြင်က ကြည့်မယ်ဆိုရင်တော့ အမေရိကန် ပြည်ထောင်စုအနေနဲ့ပဲ ဖြစ်ဖြစ် အနောက်ဥရောပနိုင်ငံတွေပဲဖြစ်ဖြစ် သူတို့ရဲ့ ကျနော်တို့အပေါ်မှာ ကူညီမှုက တော်တော်လေးကြီးမားတယ်လို့ ကျနော်တော့ ယူဆပါတယ်။

**မေး** – ငါတို့မှာ ငါတို့ပဲ ရှိတယ်ဆိုပြီး တိုက်ပွဲဝင်နေတဲ့ လူငယ်တွေအနေနဲ့ နိုင်ငံတကာဆက်ဆံရေးတွေ အပေါ်မှာ ဘယ်လိုမျိုးခံယူသင့်တယ်လို့ ထင်ပါသလဲ။

**ဖြေ** – သူတို့ အခုပြောနေတဲ့ ငါတို့မှာ ငါတို့ပဲရှိတယ် ဆိုတဲ့ကိစ္စက အမှန်ဆုံးကိစ္စဖြစ်တယ်လို့ ကျနော် နားလည်တယ်။ ကျနော်တို့ကိစ္စ ကျနော်တို့ပဲ လုပ်ရမှာဖြစ်တယ်။ ကျနော်တို့လုပ်လို့ အောင်မြင်တဲ့ အခြေအနေ ရှိနိုင်ပါမှ သူတို့ ကျနော်တို့နောက်က ပါမှာဖြစ်တယ်။ အခုတောင်မှ ကျနော်တို့ အောင်နိုင်တဲ့ အစွမ်းအစရှိတယ်၊ အောင်နိုင်တဲ့အခြေအနေရှိတယ်ဆိုတဲ့ အယူအဆအပေါ်မှာ နိုင်ငံတကာအင်အားစု တွေက စစ်အုပ်စုနဲ့ တဖြည်းဖြည်း ခပ်ခွါခွါဖြစ်လာတာ၊ ထိချင်၊ စပ်ချင်၊ ရင်းနှီးချင်တဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံတွေတောင်မှ တော်တော်လေး သတိနဲ့ဆက်ဆံတာဖြစ်တယ်။ ဥပမာ – တရုတ်ကို ကြည့်ရင် သိသာတယ်။ ထိုင်းကိုကြည့်ရင် သိသာတယ်။ ဘယ်လောက်ပဲ စစ်အုပ်စုနဲ့ ရင်းနှီးချင်ပါတယ် ပြောပြော၊ ဆောင်ရွက်ချင်ပါတယ်ပြောပြော သူတို့ တော်တော် ချိန်ချိန်ဆဆထိန်းထိန်းသိမ်းသိမ်း ဆက်ဆံ နေကြရတာဖြစ်တယ်။ ဆိုတော့ ကျနော်နားလည်တာက ကျနော်တို့လုပ်နိုင်မှကျနော်တို့ရမယ်။ ကျနော်တို့ ဖာသာ ကျနော်တို့ယူရမှာ၊ ကျနော်တို့ဖာသာ ကျနော်တို့လုပ်ရမှာ။ နိုင်ငံတကာက ကျနော်တို့ကို ကူညီတာ ကျေးဇူးတင်တယ်။ ကျနော်တို့ကိုစာနာတာ ကျေးဇူးတင်တယ်။ တတ်နိုင်သမျှလည်း ပူးပေါင်း ဆောင်ရွက် မယ်။ သို့သော်လည်း တကယ်တန်းကျတော့ ကျနော်တို့ဖာသာ ကျနော်တို့လုပ်ရမှာ။ ကျနော်တို့ဖာသာ ကျနော်တို့ လုပ်လာနိုင်အောင် သူတို့က ပိုကူညီရင်တော့ ပိုကောင်းတာပေါ့။ ပိုကူညီလိမ့်မယ် လို့လည်း မျှော်လင့်ပါတယ်။



**ကနေ့ကျနော်တို့ တိုင်းပြည်နယ်နမိတ်ထဲမှာရှိတဲ့ ကျနော်တို့ပြည်သူတွေ ဖိနှိပ်မှုကင်းကင်းနဲ့ အဖိအနှိပ်မခံရဘဲနဲ့ အေးအေးချမ်းချမ်း သုခ၀မ်းစာသူရှာစားပြီးတော့ နေလို့ရတဲ့ အနေအထားဖြစ်ဖို့ပဲ အဓိကကျတယ်လို့ ကျနော်ထင်တယ်။**

**မေး** – စစ်တပ်ပြုတ်ကျသွားရင်၊ ပြိုကွဲသွားရင် မြန်မာနိုင်ငံက အခြေအနေ ပိုဆိုးသွားမလားဆိုတဲ့ စိုးရိမ်မှုတွေအတွက် ကျနော်တို့လှုပ်ရှားမှုတွေကို တိုက်ရိုက် ကူညီပေးတာမျိုး မရှိသေးဘူး။ အဲဒီစိုးရိမ်မှုကို ဘယ်လိုနားလည်လဲ။

**ဖြေ** – အဲဒီစိုးရိမ်မှုကြီးက အင်မတန် ရှေးဟောင်းကျနေတဲ့၊ ဒီကနေ့ လက်ရှိအခြေအနေနဲ့ ဘယ်လိုမှ မအပ်စပ်တော့တဲ့ စိုးရိမ်မှုကြီးပါ။ အဲဒီစိုးရိမ်မှုကြောင့် စကစလို ပုဂ္ဂိုလ်မျိုးတွေကို၊ ဗမာပြည်က စစ်တပ်လို institution မျိုးကို ဆက်ပြီးတော့ အသိအမှတ်ပြုမယ် ဆိုလို့ရှိရင်တော့ အသိအမှတ်ပြုတဲ့ သူတွေကိုယ်၌က ဖက်ဆစ်တွေကို အားပေးတာပဲ။ စစ်ဝါဒီတွေကို အားပေးတာပဲ။ အဲလိုပဲ ပြောချင်တယ်။

ကျနော်တို့တိုင်းပြည် ဘယ်လိုပုံစံ ဖြစ်ရမယ်ဆိုတာ ကျနော်တို့ပြည်သူတွေရဲ့ လက်ထဲမှာ ရှိတယ်။ ကျနော်တို့ပြည်သူတွေရဲ့ သဘောထားဖြစ်တယ်။ ကျနော်တို့တိုင်းပြည် စုစုစည်းစည်းပဲဖြစ်ဖြစ်၊ ကျနော်တို့တိုင်းပြည် အစိတ်စိတ်အမွှာမွှာပဲ ကွဲကွဲပေါ့ဗျာ။ ဆိုတာက ရှမ်းပြည်ကတခု ဖြစ်ရင်ဖြစ်မယ်၊ ကချင်ပြည်ကတခု ဖြစ်ရင်ဖြစ်မယ်၊ ကရင်နီကတခု ဖြစ်ရင်ဖြစ်မယ်၊ ရခိုင်ကတခု ဖြစ်ရင်ဖြစ်မယ်၊ အဲဒါက အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေရဲ့သဘောထားပဲ။ Europe ကို ကြည့်ကြည့်၊ Europe နိုင်ငံက သေးသေး လေးရယ်။ သေးသေးလေးတွေ အများကြီးပဲ။ အနောက်ဥရောပကိုကြည့် သူ့နိုင်ငံနဲ့သူ့ဖာသာ ရပ်တည်နေ တာပဲ။ ကျနော်တို့တိုင်းပြည်မှာလည်း သူဖာသာ ရှမ်းပြည်ဖြစ်လို့ ဘာဖြစ်သလဲ။ ကရင်နီက ကရင်နီပြည် ဖြစ်လို့ ဘာဖြစ်သလဲ။ ရခိုင်က ရခိုင်ပြည်ဖြစ်လို့ ဘာဖြစ်လို့လဲ။ ဒီအစုအဖွဲ့လေးတွေ၊ တိုင်းနိုင်ငံလေးတွေ သေသေချာချာစုပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနေဖို့က အဓိကကျတယ်လို့ ထင်တယ်။

အခြေခံကတော့ ကနေ့ ကျနော်တို့ တိုင်းပြည်နယ်နမိတ်ထဲမှာရှိတဲ့ ကျနော်တို့ပြည်သူတွေ ဖိနှိပ်မှုကင်းကင်းနဲ့ အဖိအနှိပ်မခံရဘဲနဲ့ အေးအေးချမ်းချမ်း သု့ဝမ်းစာ သူရှာစားပြီးတော့ နေလို့ရတဲ့

အနေအထားဖြစ်ဖို့ပဲ အဓိကကျတယ်လို့ ကျနော်ထင်တယ်။ အခု ကျနော်တို့နိုင်ငံ ဖြစ်လာတာကလည်း သူ့ဖာသာ ဖြစ်လာတာမှမဟုတ်တာ။ ဒီနယ်ချဲ့တွေပဲ ကျနော်တို့နိုင်ငံကို ဖန်တီးပေးသွားတာလေ။ ကျနော်တို့ ဗမာပြည်ဆိုတာ နဂိုတုန်းက ရှိလို့လား။ အခု ကျနော်တို့ ဗမာပြည်ဆိုပြီး ပေါ်ပေါက်လာတာ နှစ် (၇၀) (၈၀) ပဲ ရှိသေးတယ်။ ၁၉၄၇၊ ၁၉၄၈ မှ ပေါ်လာတာ။ အဲဒါမတိုင်ခင်က ဗမာပြည်ဆိုတာ ရှိလို့လား။ ကျနော်တို့ ကနေ့အခြေအနေထိ ရှမ်းပြည်ကို ရှမ်းပြည်လို့ပဲ ခေါ်နေသေးတာပဲ။ ရှမ်းပြည်ထဲမှာလည်း ဒီလိုပဲ ဖြစ်မှာပေါ့။

ဆိုတော့ ကျနော်တို့တိုင်းပြည် တကယ်တန်း ဖွဲ့စည်းထူထောင်ခဲ့တော့လည်း ဖွဲ့စည်းထူထောင်တဲ့ ကတိကဝတ်တွေကို ဘယ်သူက လေးစားလိုက်နာလို့လဲ။ မလေးစားမလိုက်နာလို့လည်း ကျနော်တို့တိုင်းပြည် ကနေ့အထိ ပြည်တွင်းစစ်ဖြစ်နေတာပေါ့။ ဒီတိုင်းပြည် စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဆက်ပြီးတော့ သွားနိုင်ရင် ကောင်းတယ်။ အဲသည်လိုဖြစ်အောင် ကျနော်တို့ အားပေးတယ်။ သို့သော်လည်း တိုင်းငယ်မှာ လည်းပဲ ကိုယ်စားပြုခွင့်ရတဲ့ ပုဂ္ဂိုလ်တွေက သူတို့ထင်တာ သူတို့လုပ်နေမယ် ဆိုရင်တော့ ကရင်နီကလည်း ကရင်နီနိုင်ငံ သူ့ဖာသာနေတာ သူ့အတွက်ကောင်းတာပေါ့။ အဲဒီပြည်သူတွေအတွက် ကောင်းတာပေါ့။ ရခိုင်လည်း ရခိုင်ပြည်သူတွေနဲ့ သူ့ဖာသာနေတာ သူ့အတွက်ကောင်းတာပေါ့။

ဖိနှိပ်တဲ့ကောင်တွေ မရှိမှ ကျန်တဲ့သူတွေလည်း သူတို့သဘောဆန္ဒအရ ကျနော်တို့တိုင်းပြည်ကို ဘယ်လို ဖွဲ့စည်းထူထောင်ကြမလဲ။ ကျနော်တို့ အတူတူနေကြမှာလား။ စသဖြင့် ကျနော်တို့ သေသေချာချာ ဆွေးနွေးပြီးတော့ ကျနော်တို့ အတူတူနေနိုင်အောင် ကြိုးစားတာပေါ့။ အဓိကက ကျနော်တို့တိုင်းပြည်ထဲမှာ စစ်အုပ်စုမရှိဖို့လိုတယ်။ ဖက်ဆစ်တွေမရှိဖို့ လိုတယ်။ အဲကောင်တွေကို အရင်ဖြုတ်ပစ်ရမယ်။ အဲကောင်တွေ ဖြုတ်ဖို့က အဓိကကျတယ်လို့ ကျနော်တော့ ယူဆပါတယ်။

**မေး** – ဆိုလိုတာက အဲဒီစိုးရိမ်ချက်က ဗမာပြည်သူတွေအတွက် အဓိက မကျဘူးပေါ့။ ကိုယ့်ပြဿနာ ကိုယ်ဖြေရှင်းမှာပေါ့။ အဲဒီစိုးရိမ်ချက်ဟာ စစ်ကောင်စီကို အခွန့်ရှည်စေသလိုမျိုး သွားပြီးဖြစ်တာလို့ ပြောလို့ရမလား။

**ဖြေ** – ရတယ်။ အဲဒီစိုးရိမ်ချက်က ခေါင်းထဲကကို ထုတ်ပစ်ရမှာ။ ဒီကနေ့အခြေအနေနဲ့ ကြည့်လို့ရှိရင် အင်မတန်ခေတ်နောက်ကျတဲ့ စိုးရိမ်မှုဖြစ်တယ်။ ကျိန်းသေတာကတော့ အဲဒီယူဆချက်က ကျနော်တို့ တိုင်းပြည် ကနေ့အခြေအနေရဲ့ လက်တွေ့အရဆိုရင် မှန်ကန်တဲ့အယူအဆ မဟုတ်ဘူး။ တော်တော်လေး နောက်ကျနေတဲ့ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ယူဆချက်ဖြစ်တယ်လို့ပြောချင်တယ်။ အဲလို မျှော်လင့်ချက်မျိုးနဲ့ ကျနော်တို့ တိုင်းသစ်ပြည်သစ် မတည်ဆောက်နိုင်ဘူး။ ကျနော်တို့တိုင်းပြည်မှာရှိတဲ့ လူမျိုးစုံက ကိုယ့်လွတ်မြောက်ရေးအတွက်ကိုယ် အခိုင်အမာ တိုက်ပွဲဝင်နေတာ ဖြစ်တယ်။ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်တဲ့နေရာမှာတော့ ပဲ့သွားတာ၊ ယွင်းသွားတာ ရှိကောင်းရှိနိုင်တယ်။ ဒါပေမဲ့ ဒါတွေက ကျနော်တို့ ပြန်ပြီးတော့ ပြုပြင်လို့ရတယ်။ စစ်အုပ်စုမရှိဖို့က အဓိကဖြစ်တယ်။ ခုနက အယူအဆက စစ်အုပ်စု ဆက်တည်ရှိရေးကို အားပေးတဲ့ အယူအဆမျိုးဖြစ်တယ်လို့ ပြောချင်ပါတယ်။

■

# ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေးအင်အားစုများက အထွေထွေအကြပ်အတည်းဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုပ်ရှားမှုပြုလုပ်

ဆဲဗင်းဂျူလိုင် ၆၂ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေး အင်အားစုများက ''ကျောင်းသားရာချီ သတ်ဖြတ်ခံရတဲ့ ဆဲဗင်းဂျူလိုင်'' ပန်းဖလက်များဖြန့်ဝေပြီး ပြည်သူလူထုတရပ်လုံး ကြုံတွေ့နေရသည့် အထွေထွေအကြပ်အတည်း ဖြေရှင်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်) ဆန့်ကျင်ရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။




## စစ်အုပ်စု မျက်နှာဖုံး ကွာကျတဲ့ ဆဲဗင်းဂျူလိုင်

ရဟန်းရှင်လူ မိဘပြည်သူတို့ခင်ဗျာ ...
၁၉၆၂ ခုနှစ်မှသည် ယခု ၂၀၂၄ ထိတိုင် စစ်အုပ်စု သက်ဆိုးရှည်ခဲ့သည့် ကာလပတ်လုံးမှာ ဒုက္ခမရောက်ခဲ့သည့် ကျောင်းသားပြည်သူ တဦးတယောက် ရှိခဲ့ပါသလား ခင်ဗျာ....


၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ နေဝင်းဦးဆောင်တဲ့ စစ်အစိုးရက ကျောင်းသားပေါင်းရာချီကို သတ်ဖြတ်ခဲ့ပြီး ဇူလိုင် ၈ ရက် နေ့မှာ ကျောင်းသားတွေ အထွဋ်အမြတ်ထားတဲ့ သမဂ္ဂ အဆောက်အအုံကို ဗုံးခွဲဖျက်စီးခဲ့တယ်။ စစ်ခေါင်းဆောင်တွေ တဆက်ပြီး တဆက်သာပြောင်းတယ် စစ်အာဏာရှင်စနစ်က တိုင်းပြည်နဲ့ ပြည်သူကို သေနတ်ထောက်ပြီး အုပ်ချုပ်ခဲ့တာ ၆၂ နှစ် ကြာခဲ့ပြီ။ လူမျိုးဘာသာမရွေး၊ ဘုန်းကြီး သံဃာမရွေး၊ ကျားမ မရွေး ရက်ရက်စက်စက် ပစ်သတ်နေတယ်ဆိုတဲ့ သတင်းတွေ မိဘပြည်သူတို့မကြားချင်မှ အဆုံးမဟုတ်ပါလား။ ဒီဖက်ဆစ် စစ်အုပ်စုက ဒါတွေနဲ့တင် မတင်းတိမ်သေးတဲ့အပြင် သူတို့ရဲ့ ပယောဂကြောင့်ကျဆင်းလာတဲ့ငွေတန်ဖိုးကိုလိုက်ပြီးတဖက်ကမြင့်တက်လာတဲ့ ကုန်ဈေးနှုန်းကိုလည်း ထိန်းချုပ်ပေးနိုင်ခြင်းမရှိပါဘူး၊ ထိန်းချုပ်ပေးလိုတဲ့ စိတ်ဆန္ဒလည်းမရှိတာကို မိဘပြည်သူများ အနေနဲ့ သံသယရှိမယ် မထင်ပါခင်ဗျာ။ အခွန်အခတွေပါ တိုးကောက်ရုံသာမက လူထုက မငတ်ရုံ တမယ် ဖြစ်နေတဲ့ အချိန်မှာ လူငယ်လူရွယ်တွေကို အတင်း စစ်ထဲသွင်းဖို့အတွက် ကျွန်ုပ်တို့ဆန္ဒမပါပဲ စစ်မှုထမ်းဥပဒေကို ပြဌာန်းတယ်၊ နေ့စဉ် လူနေမှုဘဝမှာ နည်းမျိုးစုံ ဒုက္ခပေးနေတဲ့ တရားခံဟာ ဒီဖက်ဆစ်စစ် အာဏာရှင်စနစ်ပဲ ဖြစ်ပါတယ်။ ဒီတရားခံကို ဒီအတိုင်းလွှတ်ထားတော့မှာလား...။

ဒီတရားခံကို စီရင်ဖို့ အခွင့်အခါအချိန်ကောင်းကို ရောက်နေပါပြီ။ ကျွန်ုပ်တို့ ငြိမ်ခံနေလို့မရတော့ပါဘူး။ မိဘပြည်သူတို့ ဒီအတွက် အဖြေက အများကြီးမရှိပါဘူး။ ကျွန်ုပ်တို့ရဲ့ အကောင်းဆုံးလက်နက်က တဖန်အုံကြွချီတက်ပြီး တိုက်ပွဲဝင်ကြဖို့လိုပါပဲ။ လက်နက်ကိုင်တိုက်နေကြသလို လူထုအုံကြွမှုအားနဲ့လဲ စစ်အာဏာရှင်စနစ်ကိုဖြိုဖျက်ကြရမှာဖြစ်ပါတယ်။ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို လူထုတရပ်လုံး အုံကြွတွန်းလှန်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ...။

တော်လှန်ရေးအင်အားစုတွေက မိဘပြည်သူတို့နဲ့ တသွေးတည်း တသားတည်း ဆက်လက် တိုက်ပွဲဝင်သွားမှာပါ။

စစ်မှုထမ်းဥပဒေ သင့်အိမ်တံခါးဝ ရောက်လာပြီ
လူမျိုးဘာသာမရွေး စစ်တပ်ကနေ့စဉ် သတ်ဖြတ်နေပါပြီ
ဆန်တပြည် ၅၀၀၀ ဖြစ်နေပြီ
ကျွန်ုပ်တို့ ပြည်သူတွေ ငတ်နေပြီ

ဗကသများအဖွဲ့ချုပ်မှ ထုတ်ဝေဖြန့်ချိပါသည် ...




# ဒီမိုကရေစီရေးတိုက်ပွဲကို ဆုံးခန်းတိုင် ဆင်နွှဲကြ

**မောင်မိုးဦး**

၂၀၀၈ အခြေခံဥပဒေကို ဗိုလ်သန်းရွှေ စစ်အုပ်စုက လူထုဆန္ဒခံယူပွဲ ကျင်းပတယ်ဆိုပြီး မလိမ့်တပတ်လုပ်ကာ ဗိုလ်သန်းရွှေအမိန့်နဲ့ အဓမ္မအတည်ပြုခဲ့ပါတယ်။ အခုတော့ ဗိုလ်သန်းရွှေနဲ့ နအဖ စစ်အုပ်စုက ၂၀၀၈ အခြေခံဥပဒေကို အသက်သွင်းဖို့ ရွေးကောက်ပွဲလုပ်မယ်လို့ ပြောနေပါတယ်။ ၂၀၀၈ အခြေခံဥပဒေ အသက်ဝင်လှုပ်ရှားနိုင်ပြီဆိုရင် ဗိုလ်သန်းရွှေစစ်အုပ်စုဟာ အာဏာသိမ်းတဲ့အစိုးရ မဟုတ်တော့ဘဲ အခြေခံဥပဒေအရ တရားဝင်စစ်အုပ်စုနဲ့ တရားဝင်စစ်အစိုးရ၊ ဒါမှမဟုတ် စစ်အုပ်စုက အကြွင်းမဲ့ ချုပ်ကိုင်ထားတဲ့ စစ်အုပ်စုရဲ့ တရားဝင်ရုပ်သေးအစိုးရတရပ် ဖြစ်လာပါလိမ့်မယ်။ လွှတ်တော်ဆိုတာကလည်း စစ်အုပ်စုက ဖားမိုးထားတဲ့အောက်မှာ လှုပ်ရှားရမယ့်လွှတ်တော် ဖြစ်ပါတယ်။ နံရံလေးဘက်ကာထားတဲ့ အကျဉ်းထောင်ထဲက အကျဉ်းသားတွေလို ခံစားရတဲ့ ဒီမိုကရေစီမျိုးလို ပြည်သူလူထုကြီးက 'စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ' အရသာကို ခံစားရပါလိမ့်မယ်။ စစ်အုပ်စုဟာ အနာဂတ်တခုလုံးကို ပိုင်စိုးနိုင်ပြီး ဇမ္ဗူမှာ တလူပော့လို့ လက်မထောင်နိုင်ဖို့ ဗိုလ်သန်းရွှေ စစ်အုပ်စုက ပြင်ဆင်နေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဗိုလ်သန်းရွှေ စစ်အုပ်စုဟာ အငိုလွယ်အရိုက်ခက်ဆိုသလို ဖြစ်နေပါတယ်။ အမျိုးသား ညီလာခံကို စိတ်ကြိုက်လုပ်နိုင်ခဲ့တယ်။ အခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲနိုင်ခဲ့တယ်။ ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့တယ်။ ရွေးကောက်ပွဲကျင်းပပေးမယ်လို့ လွယ်လွယ်ပြောခဲ့တယ်။ ဒါပေမဲ့ အခုထိ နိုင်ငံရေးပါတီတွေ ဖွဲ့စည်း စည်းရုံးလှုပ်ရှားဖို့ မလုပ်နိုင်သေးဘူး။ နိုင်ငံရေးအကျဉ်းသားတွေကို မလွှတ်ပေးရဲဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ လိုအပ်တဲ့ စည်းကမ်းဥပဒေ၊ လုပ်နည်းကိုင်နည်းတွေ အခုထိ မကြေညာနိုင်၊ ရွေးကောက်ပွဲကျင်းပမယ့်ရက်ကို အခုထိ မထုတ်ပြန်နိုင်ဖြစ်နေတယ်။ အကောက်ကြံပြီး ရွေးကောက်ပွဲကို ဘယ်လို ကျင်းပရမလဲ၊ အလစ်အငိုက်ယူပြီး ရွေးကောက်ပွဲကို ဘယ်လိုလုပ်ရမလဲ စသည်ဖြင့် အကြံအိုက်နေပုံ ပေါ်ပါတယ်။ သေချာတာတခုကတော့ ရွေးကောက်ပွဲ လုပ်ဖြစ်ရင် နိုင်ရင်လည်း နိုင်ရမယ်။ ရှုံးရင်လည်း နိုင်ရမယ်ဆိုတာ ဖြစ်အောင်လုပ်ဖို့ ကြံစည်နေတာပါပဲ။

၁၉၄၇ အခြေခံဥပဒေဟာ လူထုဆန္ဒကို ထင်ဟပ်ဖော်ထုတ်နိုင်တဲ့ အခြေခံဥပဒေဖြစ်တယ်။ အဲ့ဒီ တုန်းက ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးဟာ ဖဆပလအဖွဲ့ချုပ်နဲ့ ဖဆပလအဖွဲ့ဝင် နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအပေါ် အယုံအကြည်ရှိခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ယာယီအစိုးရ အပေါ် ယုံကြည်မျှော်လင့်ချက် ထားကြတယ်။ ဖဆပလအဖွဲ့ချုပ်ကြီးရော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင် တဲ့ ယာယီအစိုးရကပါ ပြည်သူလူထုအကျိုးကလွဲပြီး တခြား ဘာအကျိုးစီးပွားကိုမှ ကြည့်ကြတာ မဟုတ်ပါ။ ဒါကြောင့် အဲ့ဒီတုန်းက ဖဆပလအဖွဲ့ချုပ်ဖြစ်စေ၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ယာယီအစိုးရပဲ ဖြစ်စေ လူထုကြီးဆန္ဒဖြစ်တဲ့ လွတ်လပ်ရေးနဲ့ လွတ်လပ်ရေးရရင် ဒီမိုကရေစီထူထောင်ရေး ဆိုတာကိုပဲ စိုက်လိုက်မတ်တတ် လုပ်ဆောင်ကြတာ ဖြစ်တယ်။ ဒါကြောင့် ၁၉၄၇ အခြေခံဥပဒေဟာ လူထုဆန္ဒနဲ့ ကိုက်ညီပါတယ်။ ကမ္ဘာပေါ်မှာ ချို့ယွင်းချက်၊ အားနည်းချက်မရှိတဲ့ အခြေခံဥပဒေဆိုတာ မရှိနိုင်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ နည်းလမ်းတွေ၊ အချက်တွေ ပါရစမြဲဖြစ်ပါတယ်။ ၁၉၄၇ အခြေခံဥပဒေ ဟာလည်း ချို့ယွင်းချက်တွေ ရှိပါတယ်။ ဒါပေမဲ့ အခြေခံဥပဒေ ပြင်ဆင်ရမယ့် နည်းလမ်းတွေအရ၊ သဘောထားမှန်မှန်နဲ့ ရိုးရိုးသားသားပြုပြင်ရမှာ ဖြစ်ပါတယ်။

ဗိုလ်နေဝင်း စစ်အုပ်စုဟာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့စောစောမှာ အာဏာသိမ်းပြီး တချက်လွှတ်အမိန့်နဲ့ ၁၉၄၇ အခြေခံဥပဒေကို ဖျက်သိမ်းပစ်ခဲ့တယ်။ ဒါဟာ ဗိုလ်နေဝင်း စစ်အုပ်စုရဲ့ မိုက်ရိုင်းမှုကို စစချင်းဖော်ပြတာပဲ ဖြစ်ပါတယ်။ ဗိုလ်နေဝင်း စစ်အုပ်စုဟာ နိုင်ငံရေးအင်အားစုတွေနဲ့ ပြည်သူလူထုကြီးကို နားလှည့်ပါးရိုက်ကာ ၁၂ နှစ်လောက် အချိန်ယူပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ဆိုတာကို အတည်ပြု အသက်ဝင်စေခဲ့တယ်။ စစ်အုပ်စုကြိုးကိုင်ထားတဲ့ တပါတီအာဏာရှင်စနစ်ကို ၁၉၇၄ အခြေခံဥပဒေနဲ့ တရားဝင် ဖြစ်စေခဲ့တယ်။ ဗိုလ်နေဝင်းစစ်အုပ်စုရော၊ ဗိုလ်နေဝင်းစစ်အစိုးရရောဟာ အာဏာသိမ်းအစိုးရ(တော်လှန်ရေးကောင်စီအစိုးရ) မဟုတ်တော့ဘဲ ပါတီတို့၊ ပြည်သူ့ကောင်စီတို့၊ ပြည်သူ့လွှတ်တော်တို့ဆိုတဲ့ 'ပြည်သူ' ဆိုတဲ့ စကားလုံးတွေကို ထပ်နေတဲ့ တရားဝင်အစိုးရ ဖြစ်လာခဲ့တယ်။ ပြည်သူတွေကို နားလှည့်ပါးရိုက်ပြီး ၁၉၇၄ အခြေခံဥပဒေနဲ့ တရားဝင်အစိုးရ ဖြစ်လာပေမယ့် ပြည်သူ့အကျိုး မသယ်ပိုးဘဲ ပြည်သူ့ဘဝကိုလည်း မစာနာတတ်တာကြောင့် အခြေခံဥပဒေ အတည်ပြု အသက်ဝင်တဲ့ ၁၉၇၄ ခုနှစ်မှာပဲ အလုပ်သမားအရေးအခင်း ပေါ်လာပါတယ်။ ၇၅ မှာလည်း အလုပ်သမားအရေးအခင်း၊ ကျောင်းသားအရေးအခင်း၊ ဦးသန့်ရှာပန ကိစ္စ၊ ၁၉၇၆ မှာလည်း မှိုင်းရာပြည့်ကိစ္စ စတဲ့ စတဲ့ အရေး

အခင်းတွေ ဆက်တိုက်ပေါ်ခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်မှာတော့ ငွေစက္ကူတွေ တရားမဝင် ကြေညာတာကစပြီး ကျောင်းသားအရေးအခင်းတွေ ပေါ်လာပါတယ်။ ဆက်တိုက်ပဲ ၁၉၈၈ ခုနှစ်မှာတော့ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး ပေါက်ကွဲတော့တာပါပဲ။ ဒီအရေးတော်ပုံကြီးမှာ မဆလပါတီ အသက်ပျောက်သွားတယ်။ ၁၉၇၄ အခြေခံဥပဒေ ဇီဝိန်ချုပ်သွားတယ်။ ဒါပေမဲ့ စစ်အုပ်စုမှာ လူအပြောင်းအလဲတွေ ဖြစ်ပေမယ့် မပြိုကွဲဘဲ ထပ်မံအာဏာသိမ်းတာ လုပ်နိုင်ခဲ့တယ်။

ဗိုလ်နေဝင်း ကန့်လန့်ကာနောက်ကွယ်ကို ဝင်သွားပြီး ဗိုလ်စောမောင်ကို နဝတအစိုးရအဖြစ်နဲ့ ကြိုးကိုင်ကာ ကပြခိုင်းတော့တာပါပဲ။ ဗိုလ်စောမောင်က နိုင်ငံရေးပါတီတွေ ဖွဲ့ခွင့်ပေးပြီး ရွေးကောက်ပွဲ ကျင်းပပေးမယ်၊ ရွေးကောက်ပွဲမှာ အနိုင်ရသူကို အာဏာလွှဲပေးမယ်လို့ ကတိတွေပေးပါတယ်။ နိုင်ငံရေး ပါတီတွေ ဖွဲ့ခွင့်ပေးတယ်။ ရွေးကောက်ပွဲ လုပ်ပေးတယ်။ အဲ့ဒီနည်းနဲ့ လူထုကို နားလှည့်ပါးရိုက် နိုင်ဦးမယ်လို့ ထင်ထားတဲ့ ဗိုလ်နေဝင်း စစ်အုပ်စုဟာ ဒီတချီမှာတော့ လူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် စစ်အုပ်စုနဲ့ ကင်းရှင်းတဲ့နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေကို ရွေးချယ်လိုက်ကြပါတယ်။

ဒီအခါမှာ စစ်အုပ်စုထဲမှာ ပြဿနာတက်လာပါတယ်။ ဗိုလ်စောမောင်က ရွေးကောက်ပွဲ အနိုင်ရသူကို အာဏာလွှဲမယ် ပြောခဲ့ရာက အခြေခံဥပဒေကို နဝတကမရေးဘူး၊ ရွေးကောက်ပွဲအနိုင်ရသူတွေက ရေးဆွဲရ မယ် ပြောလိုပြော လုပ်လာတယ်။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့အင်အားစုတွေ လွှတ်တော်ခေါ်မယ် ဆိုတာကိုလည်း ခွင့်မပြုဘဲ ဖမ်းတာဆီးတာတွေကို တိုးမြှင့်လုပ်ခဲ့တယ်။ အားလုံးဟာ ရှုပ်ထွေးကုန်ပါတယ်။ ဗိုလ်စောမောင်လည်း ပြုတ်သွားပါတယ်။ ဗိုလ်သန်းရွှေတက်လာပြီး ဗိုလ်ချုပ်တသီကြီးလည်း ပြုတ်တယ်။ နအဖအဖြစ် ပြောင်းတယ်။ ဗိုလ်သန်းရွှေကိုယ်တိုင် စစ်အုပ်စု နံပါတ် ၁ နေရာယူပြီး ဗိုလ်နေဝင်းကို နေအိမ်အကျယ်ချုပ် ချလိုက်တယ်။

ဒါပေမဲ့ ဗိုလ်သန်းရွှေဟာလည်း ၁၉၇၄ ခုနှစ်က ဗိုလ်နေဝင်းလုပ်သလို စစ်အုပ်စုကို အခြေခံဥပဒေနဲ့ တရားဝင်ဖြစ်အောင် လုံးပမ်းနေရတာပါပဲ။ ဗိုလ်သန်းရွှေ လုံးပမ်းရတာက နအဖအတွင်း အခြေအနေ၊ ပြည်သူလူထုအခြေအနေ၊ နိုင်ငံတကာပတ်ဝန်းကျင် အခြေအနေတွေကြောင့် ၁၉၇၄ ခုနှစ်က ဗိုလ်နေဝင်း လုပ်ခဲ့သလို အဆင်မချောခဲ့ပါဘူး။ ဒါကြောင့် နှစ်ပေါင်း ၂၀ နီးပါး ရှိလာတော့မှ ၂၀၀၈ အခြေခံဥပဒေ ဆိုတာကို ရေးဆွဲ အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၀ မှာ အသက်ဝင်အောင် လုပ်ဖို့ လုံးပမ်းနေရတာပါပဲ။ ၂၀၁၀ ခုနှစ်မှာ ၂၀၀၈ အခြေခံဥပဒေ အသက်ဝင်လာရင် ဗိုလ်သန်းရွှေ စစ်အုပ်စုဟာ တရားဝင်စစ်အုပ်စု၊ တရားဝင်အစိုးရ ဖြစ်လာမှာ ဖြစ်ပါတယ်။ ခြေမြဲလက်မြဲ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ၂၀၀၈ အခြေခံ ဥပဒေအရ ပေါ်လာမယ့် စစ်အုပ်စုရဲ့ရုပ်သေးအစိုးရမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်ရမှာ ကတော့ အသေအချာပါပဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ အခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့ တင်ပြ တောင်း ဆိုနေတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တောင်းဆိုမှုကို နိုင်ငံရေးအင်အားစု အများအပြားက ထောက်ခံ ကြိုဆိုတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ပြီး ၂၀၀၈ အခြေခံဥပဒေတိုက်ဖျက်ရေးကို တင်ပြလှုံ့ဆော်နေတယ်။ အပစ်အခတ်ရပ်တဲ့ အဖွဲ့တွေက နယ်ခြား စောင့်တပ်၊ ပြည်သူ့စစ်စသည်ဖြင့် ဖွဲ့စည်းဖို့ မူအားဖြင့်သဘောတူတယ်ဆိုပြီး တပ်တွေကို ကာကွယ်ရေး ဦးစီးချုပ်အောက် လွှဲပြောင်းပေးရေးကို ငြင်းဆန်နေကြတယ်။ ဒါဟာ ၂၀၀၈ အခြေခံဥပဒေကို ကန့်ကွက်တာ

တမျိုး ဖြစ်ပါတယ်။ တချို့ အပစ်ရပ်အဖွဲ့တွေက ပင်လုံစာချုပ်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးမှုတွေလုပ်ဖို့ အမျိုးသားလူနည်းစုတွေမှာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်တပ်ဖွဲ့ ထားရှိနိုင်ဖို့ တင်ပြကြတယ်။ ဒါဟာလည်း ၂၀၀၈ အခြေခံဥပဒေကို ကန့်ကွက်တာတမျိုးဖြစ်ပါတယ်။ တချို့ အပစ်ရပ်အဖွဲ့တွေက နယ်ခြားစောင့်တပ်ဖွဲ့ဖို့ သဘောတူပေမယ့် ရွေးကောက်ပွဲမဝင်ဘူးဆိုပြီး ရပ်ခံတာလည်း ရှိပြန်ပါတယ်။ နိုင်ငံရေးအင်အားစု တချို့ကတော့ ရွေးကောက်ပွဲဝင်ပြီး ရနိုင်သလောက် နည်းလမ်းတွေနဲ့ အတိုက်အခံလုပ်သွားမယ်လို့ အားခဲထားကြတာလည်း တွေ့ရပါတယ်။ ဒါတွေကိုကြည့်ရင် ၂၀၀၈ အခြေခံဥပဒေဟာ ပြည်သူလူထုကြီးအတွက် အကျိုးမရှိဘူးဆိုတာ ပြည်သူလူထုကြီးနဲ့တကွ ပြည်သူလူထုကြီးဘက်က ရပ်တည်တဲ့ နိုင်ငံရေးအင်အားစုတွေအားလုံးက သိမြင် သဘောပေါက်နေပါတယ်။ တနည်းအားဖြင့် ၂၀၀၈ အခြေခံဥပဒေဟာ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးကို အာမခံချက်ပေးတဲ့ အခြေခံဥပဒေမဟုတ်ဘူးဆိုတာ အားလုံးက သိမြင်နေပါတယ်။

ဒါကြောင့် ဒီ ၂၀၀၈ အခြေခံဥပဒေကို ပြည်သူလူထုကြီးက တိုက်ဖျက်ပစ်မှာ သေချာပါတယ်။ အခုကတည်းက အလုပ်သမားတွေက တိုက်ပွဲအစပျိုးချက်ကို လုပ်နေပါပြီ။ ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကို ကိုယ်စားပြုတဲ့၊ ပြည်သူလူထုဘက်က ရပ်တည်တဲ့ နိုင်ငံရေးအင်အားစု အသီးသီးဟာ မိမိအခန်းကဏ္ဍ၊ မိမိအခြေအနေအရ မိမိရဲ့သမိုင်းပေးတာဝန်ကို အကျေပွန်ဆုံး ထမ်းဆောင်တဲ့ အနေနဲ့ ဒီတိုက်ပွဲမှာ တက်ညီလက်ညီပါဝင်လာကြဖို့ လိုအပ်ပါတယ်။ ဒီလို တိုက်ပွဲဆင်နွှဲတဲ့အခါမှာ ပြည်သူလူထုဘက်က ရပ်တည်တဲ့ နိုင်ငံရေးအင်အားစုအသီးသီးဟာ မိမိရဲ့ မတူညီတဲ့ အနေအထားအရ တိုက်ပွဲဝင်ရတဲ့ နည်းနာတွေ ကွဲပြားမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အင်အားစုအသီးသီးဟာ အပြန်အလှန်နားလည်မှု ကြီးကြီး ထားရပါမယ်။ စစ်အုပ်စုရဲ့ သွေးခွဲသပ်လျှို ဖြိုခွဲမှုကိုလည်း သတိရှိရပါမယ်။ ၂၀၀၈ အခြေခံဥပဒေကို တိုက်ဖျက်ပြီး ဗမာပြည်မှာ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့ကို ဖော်ဆောင်မယ်ဆိုတဲ့ ဦးတည်ချက်ကို မြဲမြဲကိုင်ထားဖို့ လိုပါတယ်။

**မောင်မိုးဦး**

၂၈ မတ် ၃၊ ၂၀၁၀။

လူ့ဘောင်သစ်ဂျာနယ်၊ အမှတ်(၁၀)၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

# ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေးအင်အားစုများက အထွေထွေအကြပ်အတည်းဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုပ်ရှားမှုပြုလုပ်

ဆဲဗင်းဂျူလိုင် ၆၂ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေး အင်အားစုများက

“၇-၇-၆၂ ကို မမေ့ကြနဲ့”

“ဆင်းရဲကြပ်တည်းမှုရဲ့အဖြေမှန် စစ်အုပ်စုသာလျှင် တရားခံ”

“ကျည်နဲ့ပေးရင် သွေးနဲ့ရေးတဲ့သမိုင်း ဆဲဗင်းဂျူလိုင်မှသည် ထာဝစဉ်အဓွန့်ရှည်ပါစေ”

စာသားများနှင့် ဆဲဗင်းဂျူလိုင်ကာလမှ ဓာတ်ပုံများကိုင်ဆွဲပြီး ရန်ကုန်တက္ကသိုလ်အတွင်း ပြည်သူလူထုတရပ်လုံး ကြုံတွေ့နေရသည့် အထွေထွေအကြပ်အတည်းဖြေရှင်းရေးနှင့် စစ်အာဏာရှင်စနစ် (စစ်သုံးစစ်) ဆန့်ကျင်ရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ဇူလိုင်လ ၇ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။





# အဝီစိဆိုတာကြားဖူးသလား

လွန်းနွေငြိမ်း

(၁)

စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၄ ဒီဇင်ဘာတွင် ကမ္ဘာအေးကုန်းမြေပေါ်မှာ ကျင်းပမည် ဆိုတဲ့သတင်းကို စကြားလိုက်ရတဲ့အခိုက်မှာ ကျနော့်ခေါင်းထဲမှာ တော်တော်ရှုပ်ထွေးသွားပါတယ်။ ကြည်ကြည်နူးနူးနဲ့ သာဓုပဲ ခေါ်လိုက်ရမှာလား။ စိတ်မသက်မသာနဲ့ ခေါင်းပဲ ရမ်းလိုက်ရမှာလား။ ဒီ့အတွက် ချမ်းချမ်းမြေ့မြေ့ကြီးကိုပဲ ဂုဏ်ယူလိုက်ရမှာလား။ အလွဲလွဲအချော်ချော်တော့ ဖြစ်ကုန်ကြတော့မယ် ထင်ပါရဲ့လို့ ပူပန်သောက ပွားလိုက်ရမှာလား။ စက္ကန့်အချို့အကြာမှာတော့ ဒါရဲ့အဖြေကို ကျနော် ကျကျနနကြီးကိုပဲ ထုတ်လို့ရသွားပါတော့တယ်။

(၂)

ကျနော်က ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူတယောက်ပါ။ ဗုဒ္ဓဘာသာဝင်တယောက်အနေနဲ့ မြန်မာနိုင်ငံမှာ ဂုဏ်ယူစရာတွေ အပြည့်ရှိခဲ့ပါတယ်။ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားမှုသမိုင်းမှာ သင်္ဂါယနာ (၆) ကြိမ်သာ တင်ခဲ့ဖူးတဲ့အထဲမှာ ကျနော်တို့နိုင်ငံက နှစ်ကြိမ်တိုင်တိုင် တင်ခဲ့နိုင်လောက်အောင် ရဟန်းအာဇာနည်များ ထွန်းကားခဲ့တာပါ။ ပဥ္စမသင်္ဂါယနာ တင်အပြီးမှာ မင်းတုန်းမင်းတရားကြီးဟာ ပိဋကတ်တော်များ အခွန့်ရှည်စွာ တည်စေနိုင်ဖို့ ကျောက်ချပ်ရေပေါင်း ၇၂၉ ချပ်ပေါ်မှာ ၇ နှစ်နှင့် ၅ လကျော်မျှ အချိန်ယူ ကျောက်ထက်အက္ခရာ တင်တော်မူခဲ့ပါတယ်။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးလို့ နိုင်ငံတကာက အံ့သြယူရတဲ့ ကုသိုလ်တော်ပါပဲ။ မန္တလေးတောင်ခြေမှာရှိတဲ့ ကုသိုလ်တော်စေတီ မဟာရံအတွင်းမှာ လိုဏ်ဂူပြာသဒ်များဖြင့် ကျောက်စာတိုင်များကို တည်ထားကိုးကွယ်တော်မူခဲ့ပါတယ်။ သခင်နုရဲ့ ပါလီမန်အစိုးရလက်ထက်မှာလည်း ကမ္ဘာအေးလှိုဏ်ဂူမှာ နိုင်ငံတကာက မထေရ်မြတ်များကိုပါ ပင့်ဖိတ်လျှောက်ထားပြီး မင်းကွန်းဆရာတော် ဦးဝိစိတ္တ၊ မဟာစည်ဆရာတော်ဘုရား အစရှိတဲ့ မထေရ်မြတ်များနှင့် ဆဋ္ဌသင်္ဂါယနာကို တင်ခဲ့နိုင်တာပါ။

(၃)

အခု နအဖစစ်အစိုးရက ကမကထပြုပြီး ကျင်းပတော့မယ်ဆိုတဲ့အခါ ကျနော် ဘယ်လိုမှ ဂုဏ်မယူနိုင်တော့ပါ။ ဘာကြောင့်လဲ။ ကျနော့်မှာ လုံလောက်တဲ့ အကြောင်းတွေ ရှိခဲ့ပါတယ်။

(၄)

၁၉၉၀ ခုနှစ် ဒီဇင်ဘာကပါ။

နှင်းတွေ ဖွေးဖွေးလှုပ်နေအောင်ကျနေလို့ ထောင်ဖွင့်နောက်ကျတဲ့ တမနက်ခင်းမှာ ဂန်ဖလားတွေပြည့်နေလို့ ကုဋ္ဌတက်ရခက်ပြီး ဒုက္ခဖြစ်နေရတဲ့ ဆရာတော်ကြီးတွေကို ကျနော်တွေ့ခဲ့ရပါတယ်။ ဂန်ဖလားက ၁ ခန်းကို ၂ လုံးပဲ ပေးထားပြီး ၈ ပေ ၁၀ ပေ အခန်းကျဉ်းလေးထဲမှာ ဆရာတော်တွေ ၅ ပါး၊ ၆ ပါး အပြည့်အသိပ် ထည့်ထားတာပါ။ ဂန္ဓာရုံတိုက်အုပ် ဆရာတော်၊ ရွှေဘုန်းပွင့် ဆရာတော်၊ သာကေတ ဆရာတော်၊ မဟာဗောဓိ ဆရာတော်၊ မေဒိနီ ဆရာတော်၊ အင်းစိန်ရွာမ ဆရာတော်၊ သိမ်တော်ကြီး ဆရာတော်၊ သရက်တောကျောင်းတိုက် ဆရာတော်ကြီးများနှင့် စာဝါတက်နေတဲ့ သံဃာတော်တွေ၊ အင်္ကျီအဖြူ ပုံမကျ ပန်းမကျတွေနဲ့ ပုဆိုးအပြာရောင်ကွက်ထောက်တွေနဲ့၊ အင်းစိန် သီးသန့် အကျဉ်းထောင်ရဲ့ အဆောင် ၁ နှင့် ၂ မှာ တရာနီးပါးလောက်ရှိတဲ့ သံဃာတွေနဲ့ ပြည့်လုဘနန်း ဖြစ်သွားရတယ်။ ရန်ကုန်က ကျောင်းတိုက်ကြီးတွေကို မွှေနှောက်ဖမ်းဆီးပြီး စစ်ကြောရေးစခန်းတွေမှာ သင်္ကန်းဆွဲချွတ်လူဝတ်လဲခိုင်းပြီး အင်းစိန်ထောင်ကို ပို့လိုက်တာပါ။

တိပိဋကက ၃ ပုံ နှုတ်ငုံအောင်ထားပြီးတဲ့ ဂန္ဓာရုံဆရာတော် ဉူးသုမင်္ဂလ ပဲ ဖြစ်ဖြစ်၊ ၂ ပုံအောင်ထားတဲ့ ဂန္ဓာရုံတိုက်အုပ် ဆရာတော်ပဲဖြစ်ဖြစ်၊ စကြာသီဟ၊ စေတီယင်္ဂန စာမေးပွဲတွေကို ထူးထူးချွန်ချွန် အောင်မြင်ထားတဲ့ ကျမ်းပြုဆရာတော်တွေပဲဖြစ်ဖြစ် အင်္ကျီအဖြူ ပုဆိုးကွက်ထောက်တွေနဲ့ ဖြစ်နေကြပါပြီ။ ပုဆိုးကို ကောင်းကောင်း မစည်းတတ်လို့ သင်းပိုင်ဝတ်သလို လိပ်ပြီး ဝတ်ထားတာကလည်း ဆရာတော်ကြီးတွေကို မြင်နေရတဲ့ ကျနော်တို့အဖို့ စိတ်မသက်မသာ ရှိလှပါတယ်။

စစ်ကြောရေးစခန်းမှာ ဆရာတော်တွေကို ကျွမ်းထိုးခိုင်းတဲ့အကြောင်း၊ ထိုင်ထလုပ်ခိုင်းတဲ့အကြောင်း၊ အရိုက်အနှက်ခံရတဲ့အကြောင်း၊ မင်းတို့က ဘုန်းကြီးမဟုတ်ဘူး။ သံဃာမဟုတ်ဘူး။ မင်းတို့က သင်္ကန်းဝတ်တွေ ဆိုပြီး မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာခံရတဲ့အကြောင်း ဦးဇင်းငယ်တွေက ပြောပြကြပါတယ်။ ဆရာတော်ကြီးတွေကတော့ ကျနော်တို့ ဒေါသဖြစ်ပြီး အကုသိုလ်ဖြစ်မှာစိုးလို့ထင်ပါရဲ့ သိပ်မပြောစေချင်ကြဘူး။

ဒီလို ရန်ကုန်မှာ ဆရာတော်တွေကို အင်းစိန်ထောင်ထဲ ပို့လိုက်သလို မန္တလေး လေးပြင်လေးရပ်က ဆရာတော်တွေကိုလည်း မန္တလေးထောင်တွေထဲကို ထောက်လှမ်းရေး ၁၊ ထောက်လှမ်းရေး ၁၆ က တဆင့် ပို့လိုက်ကြပါပြီ။ ထောင်ဒဏ် ၃ နှစ်၊ ၇ နှစ်၊ ၁၀ နှစ် အသီးသီးချပြီး ထောင်တွေခွဲပြီး ပို့လိုက်ပါတယ်။ တိပိဋကဆရာတော် ဉူးသုမင်္ဂလဆိုရင် ဟိုးအဝေးဆုံး မြစ်ကြီးနားထောင်ထိ ပို့ပစ်လိုက်ပါတယ်။ ဒီလို ဘာကြောင့် ဖမ်းဆီးတာလဲ။ ဒီလောက် ဘာကြောင့်အညှိုးတကြီးဖြစ်ကြရတာလဲ။

အပြစ်ကတော့ ''ဗိုလ်ချုပ်တွေ ဆွမ်းစားပင့်တာကို ဆွမ်းစားမကြွလို့''

''ဗိုလ်ချုပ်တွေလှူတဲ့ စာအုပ်နှင့် စာရေးကိရိယာတွေကို ဆရာတော်များက လက်မခံဘဲ ပြန်ပို့

လိုက်လို့'' လို့ ဆရာတော်ကြီးတပါးက ရှင်းပြပါတယ်။

(၅)

မိုးကောင်းကျောင်းတိုက်ဆရာတော် ဉူးရေဝတ ပျံတော်မူပြီလို့ ကြားရတော့ ကျနော်တို့ တော်တော် မင်သက်သွားမိကြတယ်။ ဆရာတော်ကို ဟိုတလောလေးကမှ ထောင်က ပြန်လွှတ်လိုက်တာ မဟုတ်လား။ ဟုတ်ပါတယ်။ ပျံလွန်တော်မူတော့မယ်ဆိုတာ သိလို့ကိုပဲ အထဲမှာဆိုရင် နာမည်ပျက်မှာစိုးလို့ စစ်ထောက် လှမ်းရေးက စေတနာကောင်းသလိုလို ဘာလိုလိုနဲ့ ကမန်းကတန်း လွှတ်ပေးခဲ့တာပါ။ ဒါကြောင့်လည်း ပြန်လွှတ်ပေးပြီး သိပ်မကြာခင်မှာ ဆရာတော် ပျံလွန်တော်မူခဲ့ရတာပါ။ ဉူးရေဝတ ဆိုတာက မန္တလေး သံဃာ့သမဂ္ဂီ အဖွဲ့အစည်းရဲ့ ဉက္ကဋ္ဌပါ။ ရှစ်လေးလုံးအရေးတော်ပုံကာလနှင့် စစ်တပ်က အာဏာသိမ်းပြီး နောက်ပိုင်း ကာလတွေမှာ ကျောင်းသားတွေ၊ ဒီမိုကရေစီအင်အားစုတွေကို တောက်လျှောက် အကာ အကွယ် အကူအညီပေးခဲ့နိုင်သူပါ။

ဒါကြောင့်ပဲ ၁၉၉၀ အောက်တိုဘာမှာ မန္တလေးထောက်လှမ်းရေး ၁ က ဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် နှိပ်စက်ခဲ့ပါတော့တယ်။ အဲဒီတုန်းက ထောက် ၁ စစ်ကြောရေးစခန်း အခန်း ၅ မှာ ကျနော့်ကို စစ်ကြောရေး လုပ်နေပြီး အခန်း ၄ မှာ ဉူးရေဝတကို စစ်ကြောရေးလုပ်နေခဲ့တဲ့ အချိန်ပါ။ စစ်ကြောရေး ရက်ရှည်ကြာ လာတာနှင့်အမျှ လူက တော်တော်ပင်ပန်းနေပါပြီ။ လက်နောက်ပြန် လက်ထိပ်ခတ်အနေအထားနှင့် နေ့ရော ညရော တချက်မှအနားမပေးဘဲ မတ်တပ်ရပ်လျက် အစစ်ခံနေရချိန်မှာပါ။

တဘက်အခန်းက မချိတင်ကဲ စူးစူးဝါးဝါး အော်လိုက်တဲ့အသံ ထောက်လှမ်းရေးရဲ့ ဆဲဆိုကြိမ်း မောင်းသံ၊ တဝုန်းဝုန်းထုရိုက်သံတွေဆိုတာကတော့ မကြားချင်အဆုံးပါပဲ။ အဲဒီအချိန်မှာ ကျနော့် အခန်းတံခါး ကို ဝုန်းခနဲ ဆွဲဖွင့်လိုက်ပါတယ်။

'ဟော့ကောင် လွန်းနွေငြိမ်း မင်းက တော်တော်ခေါင်းမာတယ်။ မင်းအဖေတွေကို မင်းက တော်တော် ကာကွယ်ချင်တယ်ပေါ့ ဟုတ်လား အေး ဒီနေ့တော့ တွေ့ကြပြီပေါ့ကွာ'

ကျနော့်ကို မန္တလေးနှင့် ရန်ကုန်မှာ ဘယ်သူတွေနှင့် အဆက်အသွယ် လုပ်ကိုင်နေသလဲ၊ ကျနော်က ဘယ်သူတွေကို ဘာတာဝန်ပေးထားသလဲ ဆိုတာတွေကို တောက်လျှောက် မေးနေတာပါ။ ကျနော့်ဆီက ဘာအဖြေမှမရလေ ဒေါသတွေ ပိုထွက်လာလေနဲ့ စစ်ကြောရေး ပုံသဏ္ဍာန်တွေကလည်း ပို ပိုပြီးရက်စက် ပြင်းထန်လာခဲ့ပါတယ်။

'ဒီနေ့ မင်းကို ငရဲပြည် ပို့ပေးရမယ်။ ရှော့ခ်ရိုက်တယ်ဆိုတာ မင်းကြားဖူးလား ဟော့ကောင်'

သိပ်မကြာပါဘူး။ လက်ထိပ်ခတ်ထားတဲ့ ကျနော့်လက်ကောက်ဝတ်ထဲကို ဝါယာကြိုးရဲ့ နန်းကြိုး စိုက်သွင်းလိုက်ပါတယ်။ ပြီးတော့ ဗို့တိတ်ချိတက်လာအောင် ဘက်ထရီစက်ကို ဖြည်းဖြည်းချင်း လှည့်ပါ တယ်။ လက်ထဲမှာ ကျင်ခနဲ ကျင်ခနဲ ခံစားနေရတယ်။ တဖြည်းဖြည်းချင်း အရှိန်ကို မြှင့်မြှင့်ပြီး လှည့်တယ်။

'ဟော့ကောင် လွန်းနွေငြိမ်း မန္တလေးမှာ မင်းလူတွေ ဘယ်သူတွေလဲ'

ရေငတ်သလိုလို ဖြစ်လာတယ်။ အသက်ရှူလို့ မရတော့သလိုပဲ။

'ဟော့ကောင် လွန်းနွေငြိမ်း မန္တလေးမှာ ...'

သူ့အသံကို ကျနော် ဆုံးအောင်မကြားနိုင်ခင်မှာ ဘက်ထရီအရှိန်ကို အမြင့်ဆုံး တင်လိုက်တယ်။

ကျနော့် ခန္ဓာကိုယ်ဟာ ရပ်နေရာကနေ ရှေ့ကို လွင့်စင် ခုန်ထွက်သွားတယ်။ ကျနော့် တကိုယ်လုံးက တဆတ်ဆတ် ခါနေတယ်။ ရုတ်တရက် ကျနော် ဘာကိုမှ သတိမရတော့သလိုပဲ။ ကတုန်ကယင်ဖြစ်နေတယ်။ ကျနော် အရင်က ရပ်နေတဲ့နေရာရဲ့ ခပ်လှမ်းလှမ်းမှာ သံမန်တလင်းပေါ် ပစ်စလက်ခတ် လဲကျနေတော့တယ်။ စူးစူးဝါးဝါး အမှတ်မဲ့ အော်ဟစ်လိုက်တဲ့ အသံကလည်း စစ်ကြောရေးစခန်းထဲကနေ အပြင်ကို လျှံထွက်သွားတော့တယ်။

ကျနော် သတိရနေတာက ဂျပန်တွေ ခေါင်းမိုးထားတဲ့ခေတ်က ကင်ပေတိုင်အိမ်ကြီးတွေက တော်လှန်ရေးသမားတွေရဲ့အော်သံတွေ ထွက်ထွက်လာတတ်တယ် ဆိုတာကိုပါ။ အဲဒီတုန်းက ဂျပန်ဖက်ဆစ်က ခေါင်းမိုးထားခဲ့ပြီး ခုတော့ … ကျနော် သိပ်စဉ်းစားချိန်မရလိုက်ဘူး။ ကျနော့်ကို အတင်းဆွဲထူတယ်။

'ဟော့ကောင် ထ။ ဒီတခါ မင်းမအော်နိုင်အောင် မင်းပါးစပ်ကို အဝတ်စည်းပေးရမယ်'

သွေးတွေ အကွက်လိုက် အကွက်လိုက် စွန်းပေနေတဲ့ အဝတ်အဖြူရောင်အစတစ ယူလာကြတယ်။ မာဖလာ အပေါ်စားလေးနှင့်တူပါတယ်။ ဟထားပါးစပ် ဆိုပြီး ပါးစပ်ထဲကို အဝတ်စထိုးထည့်ပြီး ၂ ပတ်လောက်ပတ်ပြီး ခေါင်းနောက်မှာ ချည်လိုက်ပါတယ်။

'အဲဒီသွေးတွေ ဘယ်သူ့သွေးလဲ မင်းသိလား။ အဲဒါ ရေဝတ သွေးတွေပဲ။ အေး ခေါင်းမာတဲ့ကောင်ရဲ့သွေးနဲ့ ရေဝတရဲ့သွေးနဲ့ တွေ့ကြပြီပေါ့ကွာ။ ကြိုက်သလောက် သွေးအန်ပေတော့၊ ပြီးတော့လဲသေ။ မင်းတို့သေသွားလည်း ဘာမှမဖြစ်ဘူး။ ခွေးကျွေးလိုက်ရုံပဲ'

ဆက်ပြီး ရှော့ခ် ရိုက်လိုက်၊ ပစ်လဲကျသွားလိုက်၊ ပြန်ထူပြီး ပြန်ရိုက်လိုက်နဲ့ အပြင်းထန်ဆုံး စစ်ကြောရက်များပါပဲ။

တဖက်ခန်းက ဆရာတော်ရဲ့ အော်သံတွေကိုလည်း တချက်တချက်ကြားနေရတယ်။ သွေးအန်ပြီး လဲသေသွားရင် အလောင်းကို ခွေးကျွေးလိုက်ရုံပဲ တဲ့။ သူတို့ဘက်ကတော့ တော်တော့်ကို ရှင်းပါတယ်။ ကျောင်းသားပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ်ဖြစ် နိုင်ငံချစ်စိတ်နဲ့ အလုပ်လုပ်လာပြီဆိုရင် သူတို့ရဲ့ရာဇပလ္လင်ကို လာပြီး လုပ်တာပဲလို့ ယူဆလာပြီဆိုရင် …

(၆)

ဒီတရက်ကိုလည်း ကျနော် ဘယ်လိုမှ မမေ့နိုင်ပါဘူး။ အဲဒီနေ့က ဆရာတော်တွေ မျက်နှာမကောင်းကြဘူး။ ငပိကျော်လေးတွေ၊ မြေပဲဆားလှော်လေးတွေကို အထုပ်ကလေးတွေ ခွဲထုပ်ပေးနေကြတယ်။

''အရှင်ဘုရား ဘာဖြစ်လို့လဲ ဘုရား။ ဘာကြားကြလို့လဲ ဘုရား''

'အော် တကာကြီး မသိသေးဘူး ထင်တယ်'' အစချီပြီး စိတ်မကောင်းစွာနှင့် ရှင်းပြရှာပါတယ်။

ဂန္ဓာရုံက ဦးဇင်းလေး ၂ ပါးကို ရဲဘက်ထုတ်မလို့တဲ့။ ဒီဦးဇင်းလေး ၂ ပါးဟာ စာကလည်း အင်မတန်တော်ပြီး အနေအထိုင်ကလည်း အင်မတန်ကောင်းပါသတဲ့။ ကျနော်တို့အမြင် ထောင်ထဲမှာလည်း အနေအထိုင် ကောင်းပါတယ်။ ဒီဦးဇင်းလေးတွေကလည်း ဆရာတော်တွေလို သပိတ်ကံဆောင်ခဲ့ကြတာပါ။ ဒါပေမဲ့ သူတို့ကို တရားရုံးက ပုဒ်မ ၅ည နှင့် မစွဲဘဲ သာသနာညှိုးနွမ်းစေမှု ပုဒ်မ ၂၉၅ နဲ့ စွဲချက်တင်ပြီး သိက္ခာချတဲ့အနေနဲ့ အဓမ္မထောင်ချခဲ့တာပါ။ နိုင်ငံရေးပုဒ်မမဟုတ်ဘဲ ရာဇဝတ်ပုဒ်မနှင့် အချခံလိုက်ရတဲ

့အတွက် အခုလို ရဲဘက်အထုတ်ခံရတာပါ။ မနက်ဖြန်မနက် ထွက်ရတော့မှာ ဖြစ်တာကြောင့် ဉူးဇင်းလေး တွေကို ခြေကျင်းခတ်ထားပြီးပါပြီ။ ခြေကျင်းခတ်ခံထားရတဲ့ သူ့တပည့် ပဥ္စင်းငယ်တွေကို ကြည့်ပြီး ဆရာတော်ကြီးများ တော်တော် စိတ်ထိခိုက်နေကြပါတယ်။ ရဲဘက်ထုတ်ခံရတယ်ဆိုတာ ဂက်စတာပိုတွေက ဂျူးတွေကိုဖမ်းပြီး အော့စဝစ်အကျဉ်းစခန်းကို အပို့ခံရသလိုပါပဲ။

ရဲဘက်စခန်းတွေမှာ အတင်းအဓမ္မ အခိုင်းခံရတယ်။ ရိက္ခာ မလုံမလောက်။ ဆေးဝါးမလုံမလောက်နဲ့ ပစ်ထားတယ်။ တဖြည်းဖြည်း အားအင်ကုန်ခန်းပြီး ရောဂါဝင်ပြီး မသေဆုံးသင့်ဘဲ သေဆုံးကြရတယ်။ ဒါတွေက ထောင်ထဲမှာ မကြားချင်လည်း ကြားနေရ၊ မမြင်ချင်လည်း မြင်နေရတဲ့ နေ့တဓူဝ ဇာတ်လမ်း တွေပါ။ ဒါကြောင့် သူ့တပည့်တွေ သေရွာပို့ခံရသလို ခံစားနေကြရရှာတာပါ။ ဆရာတော်တွေ ခံစားရတာလည်း မလွဲပါဘူး။ နောက် သုံးလလောက်အကြာမှာ

'ဒကာကြီး ဘုန်းကြီးတို့ ထင်သလိုပဲ ဉူးဇင်းလေး ရဲဘက်စခန်းမှာ ပျံလွန်တော်မူသွားရှာပြီ'

(၇)

မန္တလေးထောက်လှမ်းရေး ၁ ထဲမှာ ဉူးဇင်းတပါးကို ရက်ရက်စက်စက်နှိပ်စက်နေရင်း စစ်ထောက် လှမ်းရေးက အခုလို ခြိမ်းခြောက်ပါသတဲ့။

'ဟော့ကောင် သင်္ကန်းဝတ် မင်း ရေကြည်အိုင်ဆိုတာ ကြားဖူးလား'

ဉူးဇင်းကလည်း ချက်ချင်း ပြန်မေးလိုက်တယ်။

'ရေကြည်အိုင်ကို ဉူးဇင်း ကြားဖူးပါတယ်။ တကာရော အဝီစိဆိုတာ ကြားဖူးလား'

ရိုက်နေတဲ့ ထောက်လှမ်းရေးဟာ တချက် ငိုင်သွားတယ်။ ပြီးတော့ ငြိမ်သွားတယ်။ ပြီးတော့ အခန်းအပြင်ကို ထွက်သွားတယ်။ သူ့ ဂျူတီချိန်းသွားတဲ့အထိ ပြန်ဝင်မလာတော့ဘူးလို့ ဉူးဇင်းက ပြန်ပြောပြတာကို ကျနော် အမြဲကြားနေမိတယ်။ စစ်ထောက်လှမ်းရေး ထိပ်သီးကြီးများအလိုအရ ဆဲရဆိုရ ရိုက်ရနှက်ရ လုပ်ကြရပေမယ့် ဗုဒ္ဓဘာသာဝင်တယောက်အနေနှင့် တကာရော အဝီစိဆိုတာ ကြားဖူး လား ဆိုတဲ့ မေးခွန်းဟာ ဘယ်ထိ တာသွားခဲ့ပြီလဲ။

(၈)

ဘယ်လိုပဲရှိပါစေ။

စစ်အာဏာရှင်စနစ် တည်မြဲဖို့အတွက်ဆိုရင်တော့ ဘနဖူးတောင် သိုက်တူးဝံ့တဲ့ ဗိုလ်ချုပ်ကြီးများ ကတော့ ...

'ဒကာမကြီး ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပါ'

'ကနေ့အခြေအနေကို တွေ့ဆုံဆွေးနွေး အဖြေရှာကြပါ'

'ဖြဟ္မစိုရ်တရားရှေ့ထားပြီး ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းကြပါ' လို့ ပိုစတာကိုင်ပြီး ဆန္ဒထုတ်ဖော် အကြံပြုပြောဆိုတဲ့ ဉူးဇင်းတပါးကို ဆူးလေစေတီတော်ရှေ့မှာ ဖမ်းဆီးထောင်ချခဲ့တယ်။ အဲဒီအကြောင်း အရာကိုပဲ ထုတ်ဖော်ပြောဆိုတဲ့ သီလရှင်နှစ်ပါးကို ဆူးလေစေတီတော်ရှေ့မှာ ဖမ်းဆီး ထောင်ချခဲ့ပြန်တယ်။ ဗိုလ်ချုပ်တွေကပ်တဲ့ ဆွမ်းကို မစားချင်ဘူးလို့ ငြင်းမိတဲ့ ဂန္ဓာရုံက ကိုယ်ရင်လေး ၂၅ ပါးနဲ့ ဉူးဇင်းငယ်

၁ ပါးကို ဖမ်းဆီးပြီး ထောင် ၁၈ နှစ်စီ ချလိုက်တယ်။

'မန္တလေးဘုရားကြီး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ရဲ့ဗိုက်ကို ဘာအကြောင်းပြချက်နဲ့ ဖောက်တာလဲ။ ဘယ်သူ အမိန့်ပေးတာလဲလို့ ရှင်းပြစေချင်ပါတယ်ဘုရား' လို့ မျက်နှာသစ်ဆရာတော်ကို လျှောက်ထားကြတဲ့ ဦးဇင်း ၇ ပါးကို ဖမ်းဆီးထောင်ချပစ်ခဲ့ပါတယ်။ စစ်တွေမြို့က ဆွမ်းဟင်းခွက်တွေတင်ပြီး တွန်းတဲ့ ဆိုက်ကားကို စည်ပင်ရဲက အတင်းအဓမ္မ သိမ်းသွားလို့ သွားပြီး ပြန်တောင်းမိတဲ့ ဦးဇင်းငယ် ၉ ပါးကို ဖမ်းဆီး ချုပ်နှောင်လိုက်ပါတယ်။

(၉)

ဒါနဲ့များတောင် ...

သာသနာပြုမင်း ဖြစ်လေဟန် အယောင်ဆောင်ချင်နေသေးတာလည်း အံ့ဖွယ်သုတပါပဲ။ စတုတ္ထ အကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ကမကထပြုသူ ဗိုလ်ချုပ်ကြီးများအဖြစ် ဂုဏ်ယူလိုက်ချင်တာလား။

ဒါတော့ မဖြစ်နိုင်ဘူး။

ပြည်သူတွေကို ဖိနှိပ်၊ ရွေးကောက်ပွဲရလဒ်ကို ချောင်ထိုးထားပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို ငြင်းပယ်နေလို့ နိုင်ငံတကာမှာ လူတောမတိုး လူရာမဝင်ဖြစ်နေတာကို ကုစားဖို့အတွက် ဆေးမြီးတို ရှာကြံလိုက်တာပဲလို့ ကျနော်တော့ စဉ်းစားမိပါတယ်။ အကြံကုန် ဂဠုန်ဆားချက်တာ၊ ဘုရားကု ကုကြည့်တာပဲ ဖြစ်ပါတယ်။

(၁၀)

ဘယ်လိုပဲ ဉာဏ်နီဉာဏ်နက်တွေ သုံးပြီး ကြံစည်အားထုတ်နေပေမယ့် ကမ္ဘာကြီးကလည်း စဉ်းစားတွေးခေါ်နိုင်တဲ့ နားတွေ၊ မျက်လုံးတွေ၊ ဦးနှောက်တွေ ရှိနေတယ်ဆိုတာ နအဖ မေ့နေပုံရပါတယ်။ ဒီနေ့ဆိုရင် အဓိကအလှူငွေ မတည်ပေးမယ့် ဂျပန်နိုင်ငံ နင်ဖူးစူးရှု အဖွဲ့ကြီးက နောက်ဆုတ်သွားပါပြီ။ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံဆိုတာကို မသုံးဖို့လည်း ကန့်ကွက်နေပါပြီ။

နိုင်ငံတကာက ဆရာတော်သံဃာတော်တွေကလည်း စစ်အစိုးရရဲ့ ပင့်ဖိတ်မှုကို မကြွလာတော့ဘဲ နီပေါနိုင်ငံ၊ လုမ္ဗိနီမှာ နိုင်ငံပေါင်းလေးဆယ်ကျော်က မထေရ်မြတ်များနှင့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အစစ်အမှန်ကို ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာတော့ ...

စစ်အစိုးရက သူရွတ်နေကျ ဂါထာကိုပဲ မရှက်မကြောက် ဆက်ရွတ်လိုက်ပါတော့တယ်။

'ဘယ်သူတက်တက် မတက်တက်၊ တက်တဲ့သူနဲ့ ဖြစ်အောင်ဆက်ကျင်းပသွားမယ်'။

*(သပိတ်ကံဆောင်တော်မူနေကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းအာဇာနည်တို့အား ဦးဆောင်းပါးဖြင့် ကန်တော့လိုက်ပါတယ်။)*


**လွန်းနွေငြိမ်း**

၂၀-၉-၂၀၀၇

ခေတ်ပြိုင်ဂျာနယ်

**မေး**။ ။ တနေ့ထက်တနေ့ တက်နေတဲ့ ကုန်ဈေးနှုန်းတွေနဲ့အတူ ပြည်သူလူထုရဲ့ လုပ်ခလစာ တန်ဖိုးတွေကလည်း တဖြည်းဖြည်းနဲ့ နိမ့်ဆင်းလာတာကို တွေ့ရပါတယ်။ တဖက်မှာလည်း စစ်ကောင်စီရဲ့ ဖိနှိပ်မှုတွေ၊ စစ်ကောင်စီရဲ့ စီမံခန့်ခွဲမှုအမှားအယွင်းတွေကြောင့် ကြုံတွေ့ခါးစီးခံနေရတဲ့ အကျပ်အတည်း တွေဟာ ဘာကြောင့်မို့လို့ ဆိုးရွားလာတာပါလဲ။ အကျပ်အတည်းတွေကြားထဲမှာ လူထု ဘယ်လိုရုန်းကန် ရှင်သန်နေရမလဲ။

**ဖြေ**။ ။ ဒီစစ်အုပ်စုက ကျမတို့နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ ပုံသဏ္ဌာန်မျိုးစုံနဲ့ အာဏာရယူခဲ့တာ ဖြစ်တယ်။ အာဏာရယူထားတဲ့ တောက်လျှောက်မှာ ပြည်သူလူထုကို လုံးဝမငဲ့ကွက်ဘဲ သူတို့အာဏာ တည်မြဲရေးကိုပဲ ကြိုးစားခဲ့တာဖြစ်တယ်။ နိုင်ငံရေးမှာသာမကပဲ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာ ရေးတွေမှာပါ အဖက်ဖက်က ချွတ်ခြုံကျအောင် ဖန်တီးခဲ့ရာမှာ ဒီစစ်အုပ်စုက အဓိကတရားခံဖြစ်တယ် ဆိုတာ ဦးစွာ ပြောချင်ပါတယ်။ စစ်အုပ်စုအာဏာရယူခဲ့တဲ့ သက်တမ်းတလျှောက်မှာ ဒီခေတ်ဒီအခါက အဆိုးဆုံး၊ စီမံခန့်ခွဲမှု အညံ့ဖျင်းဆုံး၊ အရက်စစ်ဆုံးအချိန်ဖြစ်တယ်။ မအလစစ်အုပ်စုဟာ ရက်စက်တာ ကြမ်းကြုတ်တာကလွဲရင် ဘာမှ ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်တာ မတွေ့ရဘူး။ သူတို့လက်ထက်မှာ နိုင်ငံတကာကလည်း ဒီစစ်အုပ်စုကို လက်မခံဘူး။ သူတို့နဲ့ထိစပ်တဲ့ နိုင်ငံ အနည်းအကျဉ်းလောက်ပဲ ရှိ တယ်။ သူတို့ကို ဒီလိုမျိုး မဆက်စပ်ဘဲနဲ့ အဆက်အသွယ်မလုပ်ဘဲနဲ့ တားဆီးပိတ်ဆို့ထားလို့ နိုင်ငံခြားဝင်ငွေ နည်းနည်းပဲရတယ်။ အဲဒီ ရရှိထားတဲ့ နိုင်ငံခြားဝင်ငွေကို သူတို့ကိုယ်ကျိုးစီးပွားအတွက် အသုံးချကြတယ်။ စစ်လက်နက်ပစ္စည်းတွေကို မတန်တဆ ဝယ်ယူတပ်ဆင်ကြတယ်။



# ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် လူထုအကြပ်အတည်း

(SIF-ASECC) စကားဝိုင်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
တွဲဖက်အထွေထွေအတွင်းရေးမှူး
ဒေါ်နှင်းနှင်းမွှေး

အခု တော်လှန်ရေးတပ်ဖွဲ့တွေက စခန်းသိမ်းတိုက်ပွဲတွေ ဆင်နွှဲနေကြတယ်။ တမြို့ပြီးတမြို့ တော်လှန်ရေးတပ်ဖွဲ့တွေလက်ထဲ ကျရောက်နေတယ်။ အဲဒီ စခန်းသိမ်းတိုက်ပွဲတွေမှာ တွေ့ရတဲ့ စစ်လက်နက် အသုံးအဆောင်ပစ္စည်းတွေဆိုရင် စခန်းနဲ့မလိုက်အောင် အဆမတန်များပြားနေတာ တွေ့ရတယ်။ အသစ်စက်စက်တွေ ပါကင်တောင်မဖောက်ရသေးတာတွေ အများကြီးပါတယ်။ အဲဒီပစ္စည်းတွေကို တာဝန်ကျ စစ်သားတွေက သုံးနည်းကိုတောင် မသိတော့ သူတို့ကို အနိုင်ရသွားတဲ့ တော်လှန်ရေးတပ်ဖွဲ့တွေကို ဒါကို ဘယ်လိုသုံးရမလဲဆိုပြီး မေးတာတွေ့ရတယ်။ ဒါဟာ စစ်အုပ်စုက သူတို့ရဲ့အာဏာ တည်မြဲရေးအတွက် လက်နက်နဲ့ကျားကန်မှ ဖြစ်မယ်၊ ဖိနှိပ်ရေးယန္တရားအတွက် လက်နက်တွေကိုသုံးမှ ဖြစ်မယ်ဆိုတဲ့ အတွေးအခေါ်မျိုးနဲ့ အင်မတန် ညံ့ဖျင်းနုံချာတဲ့ လုပ်ရပ်မျိုးတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အသုံးချရမယ့်၊ လူထုရဲ့ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ကိစ္စတွေမှာ သုံးရမယ့် ငွေကြေးတွေကို သူတို့ရဲ့အာဏာတည်မြဲရေးအတွက် စစ်စရိတ်မှာ အသုံးချတယ်။ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားမှာ အသုံးချတယ်ဆိုတာကို ကျမတို့ တွေ့ရတယ်။

ခုဆိုရင် လူငယ်တိုင်း ထိတ်လန့်တကြားဖြစ်ရတဲ့ ကျီးလန့်စာ စားနေရတဲ့ကိစ္စ ရှိတယ်။ အဲဒါက ဘာလဲဆိုရင် မတရားစစ်မှုထမ်းဥပဒေပါပဲ။ စစ်အုပ်စုဟာ ဒီလိုဥပဒေမျိုး ပြဋ္ဌာန်းခွင့် အတည်ပြုခွင့် မရှိဘူး။ သို့သော်လည်းဘဲ သူတို့စစ်တပ်ရဲ့ ပြိုကွဲမှုအခြေအနေအရ လူငယ်တွေကို အတင်းအဓမ္မခေါ်ဆောင်ပြီး စစ်တပ်ထဲထည့်တယ်။ အခုဆိုရင် ၂ နှစ်စာချုပ်တောင် မဟုတ်တော့ဘူး။ ၅ နှစ်စာချုပ် ချုပ်ရပြီး အိမ်နဲ့ အဆက်အသွယ် မရှိရဘူး၊ ဖုန်းလုံးဝမသုံးရဘူး ဆိုတာမျိုးတွေ ကျမတို့ ကြားနေရတယ်။ ဆိုတော့ လူငယ်တွေက အတင်းအဓမ္မဖိနှိပ်တဲ့ စစ်တပ်ရဲ့လက်ထဲမှာ စစ်သားအဖြစ် ရှေ့တန်းအပို့ခံရပြီး သေရမယ့်အစား တော်လှန်ရေးတပ်ဖွဲ့ထဲ ဝင်တာ၊ နိုင်ငံခြားထွက်တာ၊ လွတ်မြောက်နယ်မြေကို တိမ်းရှောင်ကြတာတွေ လုပ်ရတဲ့အခါမှာ မိသားစုစီးပွားရေး ကျဆင်းတာ၊ တိုင်းပြည်ရဲ့စီးပွားရေး မတည်မငြိမ်ဖြစ်ပြီး တော်တော်ကို ဆိုးလာတာတွေ့ရတယ်။

အခြေခံစားကုန်ဖြစ်တဲ့ ဆန်၊ ဆီ အစရှိတဲ့ ကောက်ပဲသီးနှံစိုက်ပျိုးတဲ့နေရာတွေလည်း စစ်တလင်းတွေ ဖြစ်နေကြပြီ။ စစ်အုပ်စုက သူတို့ကိုသစ္စာမခံ၊ သြဇာမခံ ဆန့်ကျင်တော်လှန်တယ်လို့ ယူဆတဲ့ နေရာမှန်သမျှကို အရပ်သားပစ်မှတ်တွေပါမကျန် ဗုံးကျဲပစ်ခတ် သတ်ဖြတ်ပစ်တာတွေ လုပ်တဲ့အတွက်ကြောင့် ဆန်စိုက်ပျိုးတဲ့နေရာတွေမှာ ဆန်မစိုက်နိုင်ဘူး။ သီးနှံစိုက်ပျိုးတဲ့နေရာတွေမှာ ဆီထွက်သီးနှံတွေ မစိုက်ပျိုးနိုင်ဘူး။ အိုးအိမ်စွန့်ပစ်ပြီးတော့ ထွက်ပြေးတိမ်းရှောင်နေကြရတယ်။ ဒါကြောင့်မို့ အခြေခံစားကုန်တွေ တော်တော်ကို ရှားပါးလာတယ်။ တကယ်လို့ စိုက်ပျိုးနိုင်ခဲ့တဲ့ ဒေသတွေ ရှိခဲ့တယ် ဆိုရင်တောင်မှပဲ ဒါတွေကို သယ်ယူပို့ဆောင်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိဘူး။ ဓာတ်ဆီကလည်း နိုင်ငံခြားက ဝယ်ယူရရှိမှု နည်းပါးလာတယ်။

အဲဒါကြောင့် တိုင်းပြည်မှာ တော်တော်ကို ကသောင်းကနင်းဖြစ်နေတာ တွေ့ရတယ်။ နေ့စဉ်နဲ့ အမျှ ဆန်ဝယ်ဖို့ ဆီဝယ်ဖို့အတွက် မိုင်နဲ့ချီတဲ့ လူတန်းရှည်ကြီး တန်းစီနေရတယ်။ ဟိုအရင် မဆလခေတ်တုန်းကလို သန်းခေါင်စာရင်းပြပြီးတော့၊ မှတ်ပုံတင်ပြပြီးတော့ သန်းခေါင်စာရင်းတခုကို ဆန် ဘယ်လောက်ပဲ ရောင်းပေးတယ်ဆိုတဲ့ ပုံစံမျိုးတွေ တွေ့ရတယ်။ စစ်အုပ်စုက သေနတ်ပြငြိမ်းခြောက်ပြီးတော့ ကုန်ဈေးနှုန်း ကျဆင်းရေး ကြိုးစားနေတာတွေ့ရတယ်။ ကုန်ဈေးနှုန်း တကယ်တက်လာတဲ့ အကြောင်းအရင်းက

စစ်တပ်က အာဏာသိမ်းလိုက်တာကြောင့် ဖြစ်တယ်။ နိုင်ငံကို သေသေချာချာ မစီမံနိုင်တာကြောင့် ဖြစ်တယ်။ သူတို့ကို လူထုက လက်မခံနိုင်တာကြောင့် ဖြစ်တယ်။ အဲဒါကို အာဏာပြန်အပ်ဖို့ မစဉ်းစားဘဲနဲ့ ကုန်ဈေးနှုန်းကို သေနတ်နဲ့ချိန်ပြီးချုပ်ကိုင်းလို့ မရပါဘူး။ သူတို့သတ်မှတ်ထားတဲ့ ဈေးနှုန်းအတိုင်း ရောင်းတဲ့နေရာမှာ အကန့်အသတ်ရှိတယ်။ အပြင်ပေါက်ဈေးနဲ့လည်း ကွာတော့ ဟိုး မဆလခေတ်ကလို တန်းစီပြီးတိုးရောင်းတဲ့ မှောင်ခိုလူတန်းစား၊ မှောင်ခိုဈေးနှုန်းတွေ ပေါ်ပေါက်လာပြီး လူထုရဲ့အကြပ်အတည်းက ပိုဆိုးလာတာ တွေ့ရတယ်။

ဒါကြောင့်မို့ လူထုဟာ ကနေ့အခြေအနေမှာ အာဏာသိမ်းခါစထက် အဆပေါင်းများစွာ ပိုပြီးတော့ ကြပ်တည်းဆင်းရဲတဲ့အခြေအနေကို ရောက်လာတယ်။ ငွေကြေးဈေးနှုန်းဆိုရင် နှစ်ဆ သုံးဆလောက်ကို ကျဆင်းသွားတဲ့အခြေအနေ တွေ့ရတယ်။ အခြေခံလူတန်းစားတွေဆိုရင် တနေ့ကို ထမင်းတနပ် မှန်မှန်စားနိုင်ဖို့အရေး ကြပ်တည်းဆင်းရဲစွာ၊ ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရတဲ့အခြေအနေဖြစ်ပြီး တချို့မိသားစုတွေဆိုရင် ဆန်ကွဲကြိုသောက်ရတဲ့ အခြေအနေမျိုး၊ သီးနှံဒိုင်တွေက စွန့်ပစ်တဲ့ပစ္စည်းတွေကို ကောက်ယူပြီး စားသောက်ရတဲ့ အခြေအနေမျိုး ရောက်နေပြီလို့ ကြားရတယ်။ အဲဒီအခြေအနေကြားထဲကနေ လူထုရဲ့ အင်မတန်ချီးကျူးစရာကောင်းတဲ့ အချက်က ကိုယ့်စားဝတ်နေရေး ကြပ်တည်းနေတာ ဒီစစ်အုပ်စုကြောင့် ဖြစ်တယ်ဆိုတာ သေသေချာချာ သိမြင်သဘောပေါက်ကြတာပဲ ဖြစ်ပါတယ်။ လူထုပါဝင်နိုင်တဲ့ သပိတ်တွေ ဥပမာ– အသံတိတ်သပိတ်တို့၊ ပန်းသပိတ်တို့ လုပ်တဲ့အချိန်မှာ လူထုရဲ့ ပါဝင်မှု သေသေချာချာ ရှိနေတယ်ဆိုတာ ကျမတို့ ထင်ထင်ရှားရှား တွေ့မြင်ရတယ်။ ဒါကြောင့်မို့ ဒီအကြပ်အတည်းတွေကို တနေ့တခြား ဆိုးဝါးလာစေတဲ့ လက်သယ်တရားခံဟာ စစ်အုပ်စုဖြစ်တယ်။ စစ်အုပ်စုရဲ့ ဖိနှိပ်မှုယန္တရားတွေကြောင့်ဖြစ်တယ်။ အဲဒီလိုအခြေအနေကြားထဲမှာပဲ လူထုက ဒီအခက်အခဲတွေကို နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ကျော်လွှားနိုင်ဖို့ ကြိုးစားနေတဲ့ကြားထဲက စစ်အာဏာရှင်ကို ဆန့်ကျင်ရမယ်၊ ဒီကောင်တွေမရှိမှ ငါတို့တိုင်းပြည် သာယာဝပြောမယ် ဆိုတဲ့စိတ်ဓာတ်က လူထုရဲ့ရင်ထဲမှာ အခြေခိုင်တယ်လို့ ပြောချင်ပါတယ်။

**မေး။** ။ ရေတိုရေရှည်မှာ လူထုဘဝမြှင့်တင်ဖို့ တော်လှန်ရေးအင်အားစုတွေက ဘာတွေလုပ်သင့်ပါသလဲ။ လူထုအကြပ်အတည်းကို ဘယ်လိုဖြေရှင်းကြပါမလဲ။

**ဖြေ။** ။ ကျမအမြင်ကတော့ ရေတိုမှာဆိုရင် တော်လှန်ရေးအဖွဲ့တွေ စိုးမိုးထားတဲ့ နယ်မြေတွေ ရှိတယ်။ အဲဒီနယ်မြေတွေမှာ နယ်မြေငြိမ်းချမ်းရေးတို့၊ တရားဥပဒေစိုးမိုးရေးတို့အပြင် အဲဒီမှာရှိတဲ့ ပြည်သူလူထု လုပ်ကိုင်စားသောက်နိုင်တဲ့ အခွင့်အလမ်းတွေရအောင် သူတို့နည်း သူတို့ဟန်နဲ့ ဖန်တီးပေးဖို့ လိုလိမ့်မယ်လို့ ယူဆတယ်။ စစ်အုပ်စုစိုးမိုးထားတဲ့ နယ်မြေတွေမှာဆိုရင်တော့ ဘယ်လိုလုပ်မလဲဆိုတာ ဝိုင်းပြီးတော့ အဖြေရှာကြရမှာပေါ့။ ဘာလို့လဲဆိုတော့ စစ်အုပ်စုဟာ ဘယ်တုန်းကမှ လူထုသက်သာချောင်ချိတဲ့ အခွင့်အလမ်းကို စဉ်းစားခဲ့တာမဟုတ်ဘူး။ ဖြစ်လည်းမဖြစ်စေချင်တဲ့သူတွေ ဆိုတော့ ဒါကို ကျမတို့အားလုံး ဝိုင်းပြီးစဉ်းစားကြရမယ်လို့ ထင်တယ်။

ခုအချိန်မှာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေ စိုးမိုးထားတဲ့ မြို့နယ်တော်တော်များများ ရှိလာပြီဆိုတာ ဝမ်းမြောက်ဖွယ်ရာ တွေ့ရတယ်။ အဲဒီနေရာတွေမှာဆိုရင် ကုန်ဈေးနှုန်းကို တစုံတရာထိန်းချုပ်ပြီး

လူထုသက်သာချောင်ချိအောင် ဘယ်လိုဖန်တီးပေးမလဲ။ လုံခြုံရေးအခြေအနေကို မထိခိုက်စေတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဘယ်လိုမျိုး ဖန်တီးပေးမလဲ။ အဲဒါတွေလည်း စဉ်းစားဖို့လိုပါတယ်။ နောက် တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေစိုးမိုးရေးဆိုတာ ၂၀၀၈ ကို ဆိုလိုတာမဟုတ်ပါဘူး။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေက ထုတ်တဲ့ ထုတ်ပြန်ချက်တွေမှာ လူထုကို မညှဉ်းပမ်းရ၊ မနှိပ်စက်ရ၊ ပြည်သူလူထုရဲ့ ပစ္စည်းဥစ္စာတွေကို အပ်တိုတချောင်းတောင်မယူရ ဆိုတာ တွေ့ရတယ်။ ဒါက ကောင်းတဲ့ကိစ္စတွေ ဖြစ်တယ်လို့ မြင်တယ်။

လက်နက်ကိုင်ပြီး တော်လှန်ကြတယ် ဆိုတဲ့နေရာမှာလည်း တော်လှန်ရေးတပ်ဖွဲ့အချို့က လူထုကို ခြိမ်းခြောက်တာ၊ ဖိနှိပ်တာတွေ ရှိတယ်ဆိုတာ ကြားနေရတဲ့သတင်းတွေ ရှိတယ်။ အဲဒါမျိုးတွေ ဆိုရင်တော့ မအလစစ်တပ်နဲ့ ဘာမှထူးမှာမဟုတ်ဘူး။ ဥပမာ ဟိုတလောကဆိုရင် ဝက်လက်က ၁၆ နှစ်သား ဗကသ ကျောင်းသားလေးကို အမည်မဖော်နိုင်သေးတဲ့ လက်နက်ကိုင်တွေက ရက်ရက်စက်စက်သတ်သွားတဲ့ကိစ္စ တွေ့ရတယ်။ ဒါမျိုးကိစ္စတွေမဖြစ်အောင် ကျမတို့ဘက်က ကြိုးစားကြဖို့လိုတယ်။ ဖော်ထုတ်ပြီး အရေးယူနိုင်ဖို့လည်း လိုတယ်။ လူထုက လက်နက်ကိုင်မှန်သမျှကို ကြောက်လန့်နေရတဲ့ အခြေအနေမျိုး ဆိုရင်တော့ မသင့်တော်ဘူးလို့ မြင်ပါတယ်။

ကျမတို့နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေတာဆိုတော့ စစ်တိုက်ကြရာမှာ အထိအခိုက် အပွန်းအပဲ့တွေ ရှိနိုင်တယ်။ အဖိတ်အစင် အလေအလွင့်တွေ ရှိနိုင်တယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ လူထုထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာကို တော်လှန်ရေးအဖွဲ့တွေက ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးတယ်လို့ ယူဆတယ်။ စစ်အုပ်စုကတော့ ဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူး။ ဘယ်တုန်းကမှလည်း စဉ်းစားခဲ့တာ မရှိဘူး။ ဒါက သူ့ကိစ္စဖြစ်တယ်။ ကျမတို့တော်လှန်ရေးအဖွဲ့တွေအနေနဲ့ကတော့ ဒါမျိုးတွေ မလုပ်မိကြဖို့ တော်တော်ကိုအရေးကြီးတယ်။ အာဏာရှင်ကိုတော်လှန်ပါတယ်ဆိုခါမှ အာဏာရှင်လက်သစ်တွေနဲ့ ကြုံရတယ်ဆိုတဲ့ အဖြစ်မျိုး မဖြစ်ရလေအောင် သတိချပ်ကြဖို့ တော်တော်အရေးကြီးတယ်။ တချို့ဒေသတွေမှာဆိုရင် ဘယ်သူဘယ်ဝါတွေကို ကြောက်နေရတယ်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ၊ လက်နက်ကိုင်တပ်ဖွဲ့တွေက ပြည်သူတွေကို ဘယ်လိုမျိုးဖိနှိပ်တယ်ဆိုတဲ့ကိစ္စတွေ ကြားနေရတယ်။ ဒါမျိုးတွေ မဖြစ်ဖို့ အရေးကြီးတယ်။ ကျမတို့ လိုချင်တဲ့ကိစ္စ၊ ကျမတို့ ဦးတည်ထားတဲ့ကိစ္စက စစ်အုပ်စု အမြစ်ဖြုတ်ရေး ဖြစ်တယ်။ စစ်အုပ်စု ဖြုတ်ချရေးဖြစ်တယ်။ ဒီတော်လှန်ရေးမှာ ပြည်သူလူထုကို မဖိနှိပ်မိဖို့ လိုတယ်။ ပြည်သူလူထုကို အကာအကွယ်ပေးရေးဖြစ်တယ်ဆိုတာ တပြိုင်နက်တည်းမှာ ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးတယ်လို့ ကျမကတော့ မြင်ပါတယ်။ တတ်နိုင်သမျှ ပြည်သူလူထုကို ဘယ်လိုမျိုးအလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးမလဲ။ သက်သာချောင်ချိမှုနဲ့ ကာကွယ်မှုတွေကို လုပ်ဆောင်ပေးမလဲဆိုတာက အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

ရေရှည်အနေနဲ့ဆိုရင်တော့ ကျမတို့ ဖြစ်နေသမျှကိစ္စအလုံးစုံရဲ့ တရားခံအစစ်ဟာ စစ်အာဏာရှင်စနစ်ဖြစ်တယ်။ စစ်အာဏာရှင်တွေ ဖြစ်တယ်။ နှစ်ပေါင်းများစွာ အမျိုးမျိုးသောပုံသဏ္ဍာန်ပေါင်းစုံနဲ့ ချယ်လှယ်ခဲ့တာကြောင့်၊ ဖိနှိပ်အုပ်ချုပ်ခဲ့တာကြောင့် ကျမတို့နိုင်ငံမှာ အခုဆိုလို့ရှိရင် အဖတ်ဆယ်လို့မရအောင် ပြိုကျပျက်စီးနေတဲ့ အခြေအနေဖြစ်တယ်။ ကျမတို့ ပြည်သူလူထုတွေ နှစ်ပေါင်းများစွာ၊ သားစဉ်မြေးဆက်များစွာ ဆောက်ထားခဲ့ရတဲ့ ဘဝတွေ၊ ပိုင်ဆိုင်မှုအရင်းအမြစ်တွေဟာ အခုချိန်မှာ ပြုတ်ပြုတ်ပြုန်းတဲ့၊

ပျက်စီးယိုယွင်းတဲ့ အခြေအနေဖြစ်တာကို ကျမတို့ စိတ်မကောင်းစွာ တွေ့မြင်နေရတယ်။

ဒါပေမဲ့ စစ်အုပ်စုက ဒါတွေကို တစက်ကလေးမှဂရုမစိုက်ဘဲ သူတို့အာဏာတည်မြဲရေးကိုသာ အစွမ်းကုန်ကြိုးစားနေတာ တွေ့ရတယ်။ စစ်မှုထမ်းဥပဒေ၊ အတုအယောင်ရွေးကောက်ပွဲ ဆိုတာတွေအပြင် တခြားဘယ်နည်းလမ်းတွေ သုံးလာမလဲဆိုတာ ကျမတို့ မခန့်မှန်းနိုင်ဘူး။ သို့သော်လည်း သေချာတာတခုက သူတို့က သူတို့အာဏာ တည်မြဲရေးအတွက်၊ သူတို့အာဏာ သက်ဆိုးရှည်နိုင်ရေး ကျားကန်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံသုံးလာမှာ သေချာတယ်။ ပြည်သူလူထုရဲ့ အခက်အခဲ၊ အကြပ်အတည်းတွေကနေ လွတ်မြောက်နိုင်ဖို့ကတော့ စစ်အာဏာရှင်စနစ်ကို အမြစ်ကနေဖြုတ်ချနိုင်ဖို့ပဲလို့ နားလည်ပါတယ်။ စစ်အာဏာရှင်စနစ်က ပုံစံမျိုးစုံနဲ့ ကျမတို့နိုင်ငံမှာ ကြီးစိုးခဲ့တဲ့အတွက်ကြောင့် ကျမတို့ အမြစ်ပါမကျန် တိုက်နိုင်ဖို့လိုတယ်။ နိုင်အောင်တိုက်နိုင်ဖို့ လိုတယ်။ နည်းနည်းလေး အငုတ်လေး အကြွင်းအကျန်လေး ရှိရင်တောင် မကြာခင်မှာ ခေါင်းပြန်ထောင်ထလာမှာဖြစ်တယ်။ ရန်သူကတော့ သေချာအမြင်ပြတ်တယ်။ သူ့ကို ဆန့်ကျင်သူမှန်သမျှ၊ သူ့ကိုမဆန့်ကျင်ရင်တောင်မှ ဆန့်ကျင်တဲ့အရိပ်အယောင်ရှိသူမှန်သမျှကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းပစ်တယ်။ အပြစ်မဲ့ပြည်သူတွေ၊ အရပ်သားတွေပါမချန် ပစ်ခတ်သတ်ဖြတ်နေတယ်၊ မီးလောင်တိုက်သွင်းနေတယ်ဆိုတာ ကျမတို့ တွေ့ရတယ်။ သူတို့အာဏာတည်မြဲရေး အတွက်ဆိုရင် စစ်အာဏာရှင်စနစ်ထူထောင်ရာမှာ သူတို့နဲ့ ပုလင်းတူဖူးဆို့ ပါဝင်နေတဲ့ ဗိုလ်ချုပ်တွေက အစ စခန်းတွေကို မထိမ်းသိမ်းနိုင်လို့၊ လက်နက်ချလို့၊ အရှုံးပေးလို့ဆိုပြီးတော့ သေဒဏ်ထိအောင် ချမှတ်တဲ့အခြေအနေကို တွေ့ရတယ်ဆိုတော့ ရန်သူက အင်မတန်မှပဲ ရန်၊ ငါ ပြတ်တယ်။ ဒီလိုမျိုး စစ်အာဏာရှင်တွေကို ဒီလိုအခွင့်အရေး ရတုန်းရခိုက်မှာ အမြစ်မဖြတ်နိုင်ဘူးဆိုရင် ကျမတို့ဘဝက ဘယ်တော့မှ နာလံထူနိုင်မှာ မဟုတ်ဘူး။

ကျမတို့အမြင်အရဆိုရင် တော်လှန်ရေးအောင်ပွဲဟာ သိပ်ပြီးမဝေးတော့တဲ့ကာလမှာ ရှိတယ်။ ကျမတို့အားလုံးရဲ့ စုစည်းညီညွတ်တဲ့အားနဲ့ဆိုရင် တော်လှန်ရေးအောင်ပွဲကို မကြာခင်မှာလှမ်းကိုင်နိုင်မယ်လို့ ယူဆတယ်။ ခုဆိုရင် စစ်အုပ်စုက သူနဲ့ နှစ်ပေါင်းများစွာလက်တွဲပြီး အလုပ်လုပ်ခဲ့တဲ့ ခရိုနီတွေတောင် မချန်ဘဲ အပြစ်ပေးအရေးယူနေတာ တွေ့ရတယ်။ ဘဏ်လုပ်ငန်းရှင်တွေ၊ ရွှေလုပ်ငန်းရှင်တွေ၊ အိမ်ခြံမြေ လုပ်ငန်းရှင်တွေ၊ အခြေခံစားသုံးကုန် ကုန်သည်ကြီးတွေကို ဖမ်းဆီးအရေးယူတာတွေ တွေ့ရတယ်။ ဒါက တကယ်တမ်းမှာ နိုင်ငံရေးပြဿနာအစစ်ကို အရင်းအမြစ်ကနေပြီး ဖြေရှင်းတာမဟုတ်ဘူး။ အာဏာနဲ့ သေနတ်နဲ့ ခြိမ်းခြောက်ပြီးတော့ နိုင်ငံကိုကောင်းအောင် ပြောင်းလဲနိုင်တယ်ဆိုတာ ဘယ်ခေတ်၊ ဘယ်စနစ်မှာမှ မရှိခဲ့ပါဘူး။ ပြည်သူလူထု လက်မခံရင် နောက်ဆုံးတော့ကျဆုံးရမှာပါ။ အဲဒီလိုအခြေအနေ အမြန်ဆုံး ရောက်ကြမှသာလျှင် ကျမတို့တွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲ၊ အကြပ်အတည်းတွေကနေ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ စစ်အာဏာရှင်တွေ၊ စစ်အာဏာရှင်စနစ်ကို အမြစ်ပါမကျန် ချိုးဖျက်တော်လှန်နိုင်ဖို့ရာ ကျမတို့ တော်လှန်ရေးအင်အားစုတွေ၊ နိုင်ငံရေးအင်အားစုတွေအဖို့ တော်တော် အရေးကြီးတဲ့အချိန် ရောက်ပါပြီ။ အဲဒီအခြေအနေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဘယ်လို အမြစ်ဖြတ် ချေမှုန်းကြမလဲ။ လှပတဲ့အနာဂတ်ကို ဘယ်လိုထူထောင်ကြမလဲဆိုတာ ကျမတို့အားလုံး ဝိုင်းဝန်းကြိုးစားရမယ့်ကိစ္စ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

■

# ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေးအင်အားစုများက အထွေထွေအကြပ်အတည်းဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုပ်ရှားမှုပြုလုပ်

ဆဲဗင်းဂျူလိုင် ၆၂ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေး အင်အားစုများက "အထွေထွေအကျပ်အတည်းနဲ့ မတရားစစ်မှုထမ်းဥပဒေကို လူထုအားနဲ့ဆန့်ကျင်ကြ" ဘန်နာကို စွဲကိုင်ပြီး ပြည်သူလူထုတရပ်လုံး ကြုံတွေ့နေရသည့် အထွေထွေအကြပ်အတည်း ဖြေရှင်းရေးနှင့် စစ်အာဏာရှင်စနစ် (စစ်သုံးစစ်) ဆန့်ကျင်ရေးဆိုင်ရာ လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။




---

ဆဲဗင်းဂျူလိုင် ၆၂ ပြည့်အထိမ်းအမှတ်အနေဖြင့် ပြည်သူ့တော်လှန်ရေးအင်အားစုများက ဇူလိုင်လ ၈ ရက်နေ့မှာ ရန်ကုန်မြို့ လိုင်းကားပေါ်တွင် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်) ဆန့်ကျင်ရေး နှိုးဆော်သည့် အသံဖိုင်ဖွင့်ကာ အထွေထွေအကြပ်အတည်း ဖြေရှင်းရေး၊ မတရားစစ်မှုထမ်းဥပဒေ ဖျက်သိမ်းရေးနှင့် စစ်အာဏာရှင်စနစ်(စစ်သုံးစစ်)ဆန့်ကျင်ရေး လှုံ့ဆော်လှုပ်ရှားမှုတရပ်ကို ပြုလုပ်ခဲ့ပါတယ်။